**10th Session of the Universal Periodic Review Working Group of the UN Human Rights Council - Burma/Myanmar**
**(24 January - 4 February 2011)**

# Joint Submission

## ဘားမားဖော်ရမ် အစီရင်ခံစာ

**ဇူလိုင် ၅ ရက်၊ ၂၀၁၁ ခုနှစ်**


**Burma Forum on Universal Periodic Review (BF-UPR)**

Assistance Association for Political Prisoners Burma (AAPP-B), Arakan Rivers Network (ARN), Burma Fund UN Office, Burma Lawyers' Council (BLC), Chin Human Rights Organization (CHRO), Emergency Act Team vs Backpack Health Worker Team, Federation of Trade Unions Burma (FTUB), Foundation for Education and Development (FED), Human Rights Education Institute of Burma (HREIB), Human Rights Foundation of Mon Land (HURFOM), Kachin Women's Organization Thailand (KWAT), Kaladan Press (Bangladesh), Shwe Gas Movement, Women and Child Rights Project (WCRP)

## အနှစ်ချုပ်တင်ပြချက်

မြန်မာနိုင်ငံ၏လူ့အခွင့်အရေးမှတ်တမ်းများထဲတွင် အပြစ်ရှိသူများအား အရေးယူအပြစ်ပေးသည့်ပုံစံမျိုးမရှိသည့် အသွင်သဏ္ဍာန်များ နှစ်ပေါင်းများစွာကထည်းက တည်ရှိနေကြောင်း တွေ့ရသည်။ ထို့အတွက်ကြောင့် နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ)ကို နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးမျိုးစုံကို ချိုးဖောက်နိုင်ရန်အတွက် ခွင့်ပေးထား သလိုဖြစ်နေသည်။ နှစ်ပေါင်းငါးဆယ်နီးပါးတောက်လျှောက်အုပ်ချုပ်ခဲ့သော စစ်တပ်အုပ်ချုပ်မှုနောက်ပိုင်းတွင် လူ့အခွင့်အရေးမူဂါဒများ အပေါ် လေးစားလိုက်နာမှုကင်းမဲ့ခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် လွတ်လပ်သောတရားစီရင်မှုဆိပ်သုန်းနေခြင်းများတို့ကြောင့် နိုင်ငံတော်အာဏာပိုင်များက နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်ကိုက်ညီခြင်းမရှိသည့် ပေါ်လစီများနှင့် လုပ်ဆောင်မှုများကို ဖန်တီးနေသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ နိုင်ငံအတွင်း လူ့အခွင့်အရေးတိုးမြှင့်ရန်နှင့်ကာကွယ်ရန်အတွက်တာဝန်ရှိသော သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေက လုပ်ပိုင်ခွင့်အပ်နှင်းပေးခံထားရသော ဌာနအဖွဲ့အစည်းဟူ၍ မရှိချေ။ သမရိုးကျဖြစ်စေ သမရိုးကျ မဟုတ်သောနည်းလမ်းဖြင့် လူ့အခွင့်အရေးပညာပေးခြင်းများအပေါ်ကိုလဲ အထူးဖိနှိပ်မှုများရှိနေသည်။ နိုင်ငံအတွင်းလူ့အခွင့်အရေး ထွန်းကားရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုဆောင်းမှတ်တမ်းတင်နေသည့် လွတ်လပ်သည့် လူထုအခြေပြုအဖွဲ့များအပေါ်ကိုလဲ နောက်ယှက်မှုများ လုပ်ဆောင်နေပြီး ထိုသို့လုပ်ဆောင်နေသည့်သူများမှာလဲ ဖမ်းဆီးခံရခြင်းများကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် လူထုအခြေပြုအဖွဲ့ပေါင်းရာပေါင်းများစွာတို့သည် ပြည်ပတွင်အခြေစိုက်နေကြရပြီး ပြည်တွင်း၌ လုပ်ငန်းများ လုပ်ဆောင်နေသူများနှင့် လက်တွဲကာ သင်တန်းပို့ချခြင်းများ၊ အစီရင်ခံစာများထုတ်ဝေခြင်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သတင်းဌာနများကို လှုံ့ဆော်ခြင်း များကို အကောင်အထည်ဖော်လုပ်ဆောင်နေရသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးကောင်စီသို့အသွင်ကူးပြောင်းခဲ့သည့်နောက်ပိုင်းအခြေအနေတွင် မြန်မာနိုင်ငံရှိ လူထုအခြေပြုအဖွဲ့အစည်းများသည် ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားလုပ်ငန်းစဉ်များထဲတွင် ပါဝင်လုပ်ဆောင်နိုင်မည့် နည်းလမ်းသစ် များကို ရှာဖွေဖော်ဆောင်ခဲ့ကြသည်။ ထိုအခါတွင် နိုင်ငံများအားလုံး အလှည့်ကျအစီရင်ခံရသောလုပ်ငန်းစဉ် (Universal Periodic Review- UPR) သည် နည်းလမ်းတခုဖြစ်လာသည်။  ထိုလုပ်ငန်းစဉ်သည် လူထုအခြေပြုအဖွဲ့အစည်းများအား မြန်မာနိုင်ငံ၏လူ့အခွင့်အရေး မှတ်တမ်းဆိုင်ရာ ရုပ်ပုံလွှာတခုလုံးကို ထင်ထင်ရှားရှားမီးမောင်းထိုးပြနိုင်သည့် အခွင့်အလမ်းတခုကို ပေးအပ်ခဲ့သည်။ ထို့အတွက်ကြောင့် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ လူ့အခွင့်အရေးပညာပေးဌာန(မြန်မာနိုင်ငံ) (HREIB)နှင့် အခြားအဖွဲ့အစည်းများစုပေါင်းပြီး လုပ်ငန်းစဉ်တခုကို စတင်ဖော်ဆောင်ခဲ့သည်။ ထိုလုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှု အကြောင်း အရာများနှင့်ပတ်သက်ပြီး လုပ်ကိုင်နေသော လူထုအခြေပြုအဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများကို ဖော်ဆောင်ပေးပြီး ကွန်ယက်များအကြား ကုလသမဂ္ဂတွင် နိုင်ငံများအားလုံးအလှည့်ကျအစီရင်ခံရသောလုပ်ငန်းနှင့်ပတ်သက်ပြီး အသိမြှင့်တင်ပေးရန် လုပ်ဆောင်သည့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ် ဧပြီလကကျင်းပခဲ့သော သင်တန်းနှင့် တိုင်ပင်ညှိနှိုင်းမှုအစည်းအဝေးမှနေ၍ နိုင်ငံများအားလုံးအလှည့်ကျ အစီရင်ခံရသောလုပ်ငန်းဆိုင်ရာ မြန်မာဖော်ရမ် the Burma Forum on Universal Periodic Review (BF-UPR) ကို ဖွဲ့စည်း လိုက် နိုင်ခဲ့သည်။ ထိုသို့ဖွဲ့စည်းနိုင်ခဲ့ခြင်း၏ ရလဒ်မှာ ယခုတင်သွင်းသည့်အစီရင်ခံစာပင်ဖြစ်၏။

ယခုအစီရင်ခံစာသည် နိုင်ငံများအားလုံးအလှည့်ကျအစီရင်ခံရသောလုပ်ငန်းစဉ်အတွက် သတင်းအချက်အလက်များ ပြင်ဆင်ခြင်းနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များ၏ အခန်း (ဂ)တွင် လမ်းညွှန်ထားသည့်အတိုင်း သတင်းအချက်အလက်များကို စုဆောင်းတင်ပြ ထားခြင်းဖြစ်သည်။ အဖွဲ့ဝင်အဖွဲ့များ၏ သုတေသနအစီရင်ခံစာများအပေါ်အခြေခံပြီး BF-UPR သည် မြန်မာနိုင်ငံကလေးစားလိုက်နာရန် တာဝန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးတာဝန်ရှိမှုများနှင့်ပတ်သက်သော လူ့အခွင့်အရေးအခြေအနေများကို အခန်းအလိုက်ခွဲ၍ မီးမောင်းထိုးတင်ပြထားပါသည်။ ထိုအခန်းများမှာ- လူသားမျိုးနွယ်တခုလုံး အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ (crimes against humanity)၊ တရားဥပဒေအုပ်ချုပ်ရေး၊ အပြစ်ရှိသူများကို ထိရောက်စွာအရေးယူမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးရေး(administration of justice, impunity and the rule of law)၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်၊ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူ များနှင့် နိုင်ငံရေးအခွင့်အရေး (freedom of expression and assembly, prisoners of conscience and political rights)၊ နေအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု(housing, land and property rights and development)၊ ဆင်းရဲမွဲတေမှုနှင့် လူသားချင်းစာနာကူညီမှုများအား ရရှိခံစားခွင့် (poverty and access to humanitarian services )၊ တိုင်းရင်းသား နှင့်

ဘာသာရေးလူနည်းစုများနှင့် မူရင်းဌာနေလူမျိုးများအခွင့်အရေးများ (the rights of ethnic and religious minorities and indigenous peoples)၊ လူကုန်ကူးခြင်း (human trafficking)နှင့် အလုပ်သမားအခွင့်အရေးများ (labor rights) စသည်တို့ဖြစ်၏။

**(က) လူသားမျိုးနွယ်တရပ်လုံးအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ ( လူသားချင်းစာနာသည့်ဥပဒေများအပေါ် ချိုးဖောက်ခြင်းများ၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ဒုက္ခသည်နှင့် ပြည်တွင်းဒုက္ခသည်များ၊ ပဋိပက္ခများအတွင်းနှင့် ကလေးများနှင့် အရပ်သားပြည်သူများ)**

လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော ကလေးစစ်သားအဖြစ်အသုံးပြုခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ အဓမ္မနေရာရွှေ့ပြောင်းခြင်းနှင့် အခြားရာဇဝတ်မှုများသည် တနေရာထဲတွင် တခါတရံသာဖြစ်ပွားသော အမှုများမဟုတ်ပေ။ မြန်မာနိုင်ငံ တပှမ်းလုံးတွင် စနစ်တကျကျူးလွန်နေခြင်းများဖြစ်သည်။ ထိုအမှုကျူးလွန်သူများကို အပြစ်ပေးအရေးယူမှုမရှိဘဲ အပြစ်မှလွတ်မြောက်နေစေခြင်းကြောင့် ထိုသို့ကျူးလွန်စေရန် အဖွဲ့အစည်းက အားပေးအားမြှောက် လုပ်နေကြောင်း[1] ဖော်ပြနေသည်။ ထိုလူ့အခွင့်အရေး ချိုးဖောက်မှုများမှာ လက်နက်ကိုင်ပဋိပက္ခများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သော တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာနယ်စပ်ဒေသများတွင် အထူး ဆိုးဆိုးဂါးဂါးဖြစ်ပွားနေလျက်ရှိသည်။ ထိုကျူးလွန်မှုများသည် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး၏ Rome Statue ကပြဌာန်းထားသော လူသားမျိုးနွယ်တခုလုံးအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုနှင့် စစ်ပွဲဆိုင်ရာရာဇဝတ်မှုများမြောက်ပေသည်။ လူသားမျိုးနွယ်တခုလုံး အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ပွဲဆိုင်ရာရာဇဝတ်မှုများကို မြန်မာနိုင်ငံ၏လက်ရှိတရားစီရင်ရေးစနစ်အောက်တွင် အပြစ်ပေးအရေးယူခြင်းမရှိပါ။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏အပိုဒ် (၄၄၅) တွင် လူသားမျိုးနွယ်တခုလုံးအပေါ်ကျူးလွန်သည့်ရာဇဝတ်မှုနှင့် စစ်ပွဲဆိုင်ရာရာဇဝတ်မှုများအပါအဝင် ရာဇဝတ်မှုများကို အတိတ်နှင့်အနာဂတ်တွင်ကျူးလွန်သည့် အစိုးရတာဝန်ရှိသူများ အားလုံးကို လွတ်ငြိမ်း ချမ်းသာခွင့်ပြုထားသည်။ အပြစ်ရှိသူများအား အပြစ်ပေးမှုမှလွတ်မြောက်နေစေခြင်းသည် နိုင်ငံတကာဥပဒေများနှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ နှင့် ၁၈၂၀ တို့ကို ချိုးဖောက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂ၏ ထိုဆုံးဖြတ်ချက်များထဲတွင် ပဋိပက္ခများအတွင်း လိင်ပိုင်း ဆိုင်ရာအကြမ်းမှုကျူးလွန်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းကို တားမြစ်ထားသည်။

နအဖတပ်ဖွဲ့များသည် အမျိုးသမီးများအား မုဒိန်းကျင့်ခြင်းကို စစ်လက်နက်သဖွယ်အသုံးပြုပြီး တိုင်းရင်းသားပြည်သူလူထုတို့ ကြောက်လန့်စေရန် လုပ်ဆောင်လျက်ရှိသည်။ တိုင်းရင်းသားအမျိုးသမီးများကို ပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ အပြစ်ပေးစီရင်ခြင်း၊ ရိုက်နှက်ခြင်း၊ နှိပ် စက်ခြင်း၊ လူအမြောက်အများနှင့် မုဒိန်းကျင့်ခြင်းနှင့် ကျွန်များသဖွယ်လုပ်အားစေခိုင်းခြင်းများ[2] အပါအဝင် အကြမ်းဖက်မှုမျိုးစုံကို ကျူးလွန်နေသည်။ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်ခြင်းများကိုကျူးလွန်ပြီး နအဖသည် တိုင်းရင်းသားလူနည်းစု များအပေါ် ထိမ်းချုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိအမျိုးသမီးအဖွဲ့များက ၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကရင်၊ ရှမ်း၊ မွန်၊ ချင်းနှင့် ကချင်ဒေသများတွင် မုဒိန်းကျင့်ခံရသည့်အမျိုးသမီးပေါင်း တထောင်ကျော်ရှိကြောင်း စုဆောင်းမှတ်တမ်းတင်ထားခဲ့ သည်။ ထို အရေအတွက်သည် အမှန်တကယ်စော်ကားခံရသော အရေအတွက်ထက်ပင် နည်းပါးနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ်ဖြစ်ပွားသည့်အချက်အလက်များကို အမှန်အတိုင်း မရရှိနိုင်အောင် နအဖစစ်တပ်က ထိမ်းချုပ်ထားသည့်အပြင် အမျိုးသမီးများတွင်ရှိတတ်သည့် ကြောက်ရွံ့စိုးရိမ်စိတ်များကြောင့် ခံရသူအမျိုးသမီးများက ထုတ်ဖော်ပြောဆိုရန် မရဲခြင်းကြောင့်ဖြစ်သည်။ ထိုကိန်းဂဏန်းများက စစ်သားများကကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် စနစ်တကျကျူးလွန်နေကြောင်း ဖော်ပြနေသည်။ အစိုးရတပ်များက ကျူးလွန်သည့်မုဒိန်းကျင့်မှုများအား ခံစားရသူများသည် အဖြစ်အပျက်အမှန်အတိုင်း ထုတ်ဖော်ပြောဆိုခွင့်မရှိသည့်အတွက် ဆိုးဂါးလှသည့်ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများကို ခံစားနေရသလို ကျူးလွန်သူအမြောက် အများမှာလဲ စုံစမ်း စစ်ဆေးခြင်းများနှင့် အပြစ်ပေးအရေးယူခြင်းများကို မခံစားရဘဲ လွတ်မြောက်နေလျက်ရှိ၏။[3]

ထောင်ပေါင်းများစွာသော ကလေးများမှာလဲ[4] ကုလသမဂ္ဂ၏ကလေးအခွင့်အရေးဆိုင်ရာစာချုပ်၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေ[5] နှင့် Rome Statute တို့ကို ချိုးဖောက်၍ မြန်မာနိုင်ငံ၏စစ်တပ်ထဲတွင် စစ်မှုထမ်းနေရသည်။ ထိုကလေးအများစုမှာ အတင်းအကြပ်ဖြစ်စေ သို့မဟုတ် ခြိမ်းခြောက်ခံရ၍ဖြစ်စေ စစ်တပ်တွင်းသို့ဝင်ရောက်ရန်စေခိုင်းခံရပြီး ရိုက်နှက်ခြင်း၊ နှိပ်

စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းနှင့် အခြားပြစ်မှုများကို ကြုံတွေ့ကြရသည်။ စုဆောင်းခိုင်းထားသည့်အမိန့်အတိုင်း အရေအတွက်ပြည့်မီရန်အတွက် နှင့် ငွေကြေးအကျိုးအမြတ်ရရှိစေရန်အတွက် တပ်ရင်းများက ကလေးများကို စုဆောင်းခြင်းဖြစ်သည်။ မှတ်တမ်းများအရ အသက်(၁၁)နှစ်အရွယ်ထိငယ်ရွယ်သော ကလေး များကိုပင် စစ်တပ်ထဲသို့ အတင်းအကြပ်သွပ်သွင်းခြင်းများရှိကြောင်းသိရသည်။ ထိုကလေးများကို မိုင်းရှင်းရာတွင်၎င်း၊ ရှေ့တန်းတွင် စစ်တိုက်ရာတွင်၎င်း၊ ပေါ်တာများ၊ ကင်းစောင့်များနှင့် စခန်းသန့်ရှင်းရေးလုပ်ရသူများအဖြစ်၎င်း စေခိုင်းလေ့ရှိသည်။[6]

နအဖစစ်တပ်သည် ပြည်သူလူထုအပေါ် ကျူးလွန်ခြင်းမြောက်သည့် အဓမ္မလုပ်အားစေခိုင်းမှုကိုလဲ စေခိုင်းလျက်ရှိသည်။[7] အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ အဓမ္မလုပ်အားစေခိုင်းဆိုင်ရာသဘောတူညီချက်အမှတ် (၂၉)နှင့် အဓမ္မလုပ်အားစေခိုင်းခြင်းအား တိုင်ကြားမှု ယန္တယားဆိုင်ရာ နောက်ဆက် တွဲနားလည်မှုစာချွန်လွှာများကို သဘောတူလက်မှတ်ရေးထိုးထားသော်လဲ နအဖသည်အဓမ္မလုပ်အားစေခိုင်းခြင်းများကို စနစ်တကျ ကျူးလွန်နေသည်။ ကလေးများအပါအဝင် လူကြီးအမျိုးသားအမျိုးသမီးပေါင်း နှစ်သန်းခန့်သည် စစ်တပ်အတွက်၊ ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် သို့မဟုတ် တည်ဆောက်ရေး လုပ်ငန်းများအတွက် လျော်ကြေးတစုံတရာမှ မရရှိဘဲ အတင်းအကြပ်လုပ်အားစေခိုင်းခံနေရသည်။ ဥပမာ - ချင်းပြည်နယ် တနေရာထဲမှာပင် ၂၀၀၆ ခုနှစ်နောက်ပိုင်းက ကောက်ယူရရှိသောအဓမ္မလုပ်အားစေခိုင်းခြင်း အမှုပေါင်း (၇၁)ကျော်တွင် ကျေးရွာအများအပြားကို ထပ်ခါတလဲလဲလုပ်အားပေးစေခိုင်းထားကြောင်း တွေ့ရှိရသည်။[8] အိုင်အယ်အိုု၏ တိုင်ကြားခြင်း ယန္တယားကိုအသုံးပြု၍တိုင်ကြားခဲ့သည့်သူများကို အပြစ်ပေးခြင်း၊ အနှောက်အယှက်ပေးခြင်း၊ ဖမ်းဆီးထောင်ချခြင်းများ ကြုံတွေ့ခဲ့ရသော အမှုများလဲရှိသည်။

နအဖသည် အတင်းအကြပ်ရွှေ့ပြောင်းခြင်းများကို တုန်လှုပ်စေလောက်သည့်ပုံစံမျိုးဖြင့် ပုံမှန်စေခိုင်းခြင်းများကိုလဲ လုပ်ဆောင်နေလျက်ရှိ သည်။ အထူးသဖြင့်မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဒုက္ခသည်ပေါင်း တသန်းခန့်ရှိမည်ဟု ခန့်မှန်းရ ပြီး မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတခုထဲမှာပင် လေးသိန်းခုနှစ်သောင်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။[9] လွန်ခဲ့သောနှစ်နှစ်အတွင်း မြန်မာပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်တွင် တိုးမြှင့်လာခဲ့သောစစ်ရေးလှုပ်ရှားမှုများကြောင့် သတ်မှတ်ထားသည့်ပြောင်းရွှေ့ရက်ထက်ကျော်လွန် သည့်အချိန်နောက်ပိုင်း ရွာများတွင်တွေ့ရသောသူများအား မြင်မြင်သမျှသတ်ဖြတ်သည့်ပေါ်လစီကို ပိုမိုကျင့်သုံးလာခဲ့သည်။[10] ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ရှမ်းပြည်နယ်အတွင်း လှုပ်ရှားလှည့်လည်နေသောအစိုးရတပ်များက ကျေးရွာပေါင်း ဆယ်ရွာကို မီးရှို့ဖျက်ဆီး၍ တခြား ရွာပေါင်းသုံးဆယ်ကိုလဲ အတင်းအကြပ်ပြောင်းရွှေ့စေခဲ့သည်။ ထိုလုပ်ဆောင်မှုသည် လူပေါင်းနှစ်ထောင်မှ နှစ်ထောင်ငါးရာအပေါ် ထိခိုက်နစ်နာစေခဲ့သည်။[11]

၂၀၀၅ခုနှစ်ကထည်းက နအဖတပ်ဖွဲ့များသည် ကျေးလက်ဒေသများရှိ ပြည်သူလူထုကိုပစ်မှတ်ထားပြီး မြေယာများကို သိမ်းယူခြင်း၊ နေအိမ် များနှင့် ကိုယ်ပိုင်ပစ္စည်းများကိုဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ နေအိမ်များသို့ ပြန်သွားသူများ အတွက်အန္တရာယ်ဖြစ်စေရန် မြေမြှုပ်မိုင်းများကိုလဲ မြှုပ်ထားခဲ့သည်။ နအဖတပ်များသည် ကရင်ပြည်နယ်အတွင်း မြေမြှုပ်မိုင်းများကို ဆက်လက်ချထားဆဲဖြစ်သည်။ ထိုဒေသများ အတွင်းရှိ ပြည်တွင်းဒုက္ခသည်များသည် ထိုမြေမြှုပ်မိုင်းများဒဏ်ကို အထူးဆိုးဆိုးဝါးဝါးခံစားရပြီး ပြည်သူလူထုမှာ မြေမြှုပ်မိုင်းကြောင့် ဒဏ် ရာရခြင်းနှင့် သေဆုံးခြင်းများကို ခံစားရသည်။ နအဖစစ်တပ်များသည် မြေမြှုပ်မိုင်းများကို မည့်သည့်အချိန်၊ မည်သည့်နေရာများတွင်မြှုပ်နှံ ထားကြောင်းကို ပြည်သူလူထုအား အသိပေးခြင်းမရှိသလောက်ပေ။[12]

**နအဖအပေါ် အကြံပြုချက်များ**

- ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးချိုးဖောက်သူများနှင့် လူသားမျိုးနွယ်စုတခုလုံးအပေါ် ကျူးလွန်သည့်ရာဇဝတ်မှု ကျူးလွန်သူများအား အပြစ်ပေးအရေးယူမှုကင်းလွတ်ခွင့်ပေးထားသည့် အပိုဒ် (၄၄၅) ကို ဖယ်ရှားရန်၊
- စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုတခုလုံးအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများတွင် တာဝန်အပြည့်အဝရှိသူများအားလုံး ကို စုံစမ်းစစ်ဆေးနိုင်မည့် လွတ်လပ်သည့်နိုင်ငံတကာအဖွဲ့တဖွဲ့ကို ခွင့်ပြုပြီး ထိုရာဇဝတ်မှုများတွင် တာဝန်ရှိသောသူများကို အပြစ်ပေး အရေးယူရန်၊
- အစိုးရမဟုတ်သည့်လက်နက်ကိုင်တပ်ဖွဲ့များအပါအဝင် မြေမြှုပ်မိုင်းအသုံးပြုခြင်းအားတားမြစ်ပြီး မြေမြှုပ်မိုင်း အသုံးပြုခြင်း၊ သိမ်းဆည်း ထားခြင်း၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းအား တားဆီးခြင်းနှင့် ဖျက်ဆီးရေးဆိုင်ရာ စာချုပ်ကို လက်မှက်ရေးထိုးရန်၊

- ကုလသမဂ္ဂဆုံးဖြတ်ချက်အမှတ် (၁၃၂၅) နှင့် (၁၈၂၀) တို့နှင့်အညီ အမျိုးသမီးများအကျိုးကိုကိုယ်စားပြုပြီး လွတ်လပ်သည့် အဖွဲ့ အစည်းများနှင့် တိုင်ပင်ညှိနှိုင်း၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ်အကြမ်းဖက်ခြင်းအား တားဆီးရန်၊ ကျူးလွန်သူများကို အပြစ်ပေးအရေးယူရန်နှင့် ထိုသို့စော်ကားခံရသောသူများကို နစ်နာကြေးများ အပြည့်အဝပေးရန်တို့အတွက် ထိရောက်သည့် ယန္တယား များကို ဖော်ဆောင်ရန်၊
- ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်(၁၆၁၂) နှင့် (၁၈၈၂) တို့နှင့်အညီ ကလေးစစ်သားများအားလုံးကို ဖော်ထုတ်ခြင်း၊ ပြန်လည်လွှတ်ပေးခြင်း၊ လက်နက်ဖျက်သိမ်းခြင်း၊ စစ်တပ်မှ နုတ်ထွက်ခွင့်ပြုခြင်းနှင့် မူရင်းဘဝသို့ ပြန်လည်ပေါင်းစည်းစေခြင်း လုပ်ငန်း များကို အမှန်တကယ်လုပ်ဆောင်ပေးခြင်း၊ နောက်ထပ်စစ်မှုထမ်းစေခြင်းမှ ကာကွယ်ပေးခြင်းနှင့် ကလေးများအပေါ် ဆိုးဝါးစွာအကြမ်း ဖက်မှုများအား ဖော်ထုတ်တင်ပြခြင်းများအတွက် ထိရောက်သော ယန္တယားများကို ဖော်ဆောင်လုပ်ကိုင်ရန်။

## (ခ) တရားဥပဒေအုပ်ချုပ်ရေး၊ အပြစ်ရှိသူများကို ထိရောက်စွာအရေးယူမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးရေး (Administration of justice, impunity and the rule of law)

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးခြင်းလုံးဝမရှိပါ။ တရားစီရင်ရေးကိုလဲ နအဖကသာချုပ်ကိုင်ထားပြီး တရားဥပဒေအရ မှန်ကန်စွာသုံးသပ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် လွတ်လပ်မှုမရှိပါ။ တရားရုံးနှင့် တရားရေးဆိုင်ရာတခြား အဆောက်အအုံများမှာလဲ ခံစားရသူများအပေါ် မှန်ကန်သည့်တရားမျှတခြင်းအတွက် လုပ်ဆောင်ပေးခြင်း သို့မဟုတ် အငြင်းပွားမှုများကို တရားမျှတစွာစီရင်ပေးခြင်းတို့မရှိဘဲ နအဖအပေါ် ကာကွယ်စောင့်ရှောက်ပေးရေးကိုသာ ဦးတည်ထားသည်။ သာဓကတခုကိုပြရလျှင် အသက် (၂၄)နှစ်သာရှိသေးသည့် ဘိုမင်းယုကို ဆို သည့်လူငယ်ကို တရားရေးဆိုင်ရာကိုယ်စားပြု အခွင့်အရေးများအားငြင်းပယ်၍ ထောင်ဒဏ် (၁၀၄) နှစ် ချမှတ်လိုက်သည့်အမှုဖြစ်သည်။[13] ထိုကဲ့သို့ ရက်စက်ပြင်းထန်သော ပြစ်ဒဏ်မျိုးချမှတ်ခြင်းနှင့် ဥပဒေအတိုင်းလုပ်ဆောင်သင့်သော နည်းလမ်းအတိုင်းစီရင်ခြင်းမရှိခြင်းတို့က  မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍတွင် တရားမမျှတမှုများရှိနေသည်ကို ဖော်ပြနေသည်။

ဥပဒေအတိုင်းလုပ်ရမည့်လုပ်ထုံးလုပ်နည်းများဆိုင်ရာ အခြေခံအခွင့်အရေးများဖြစ်သော လူအများကြားနာသော တရားစီရင်ခွင့်ရရှိရေးနှင့် ခုခံလျှောက်လဲပေးမည့်ရှေ့နေရရှိခွင့်တို့မှာ နိုင်ငံရေးအမှုများတွင် ငြင်းပယ်ခံရလေ့ရှိသည်။ အမှုအများအပြားတွင် စွပ်စွဲခံရသောသူများသည် သူတို့အပေါ်မည်သည့်ဥပဒေပုဒ်မမျိုးဖြင့် စွဲချက်တင်ထားသည်ကို သိရလေ့မရှိချေ။  အချို့အဖြစ်အပျက်များတွင် မည်သည့်ရုံးတင် စစ်ဆေးခြင်းမျိုးမှမရှိသေးဘဲ စစ်ထောက်လှမ်းရေးက လာရောက်ဖမ်းဆီးစဉ်ကထဲကပင် နှုတ်ဖြင့်ပြစ်ဒဏ်ကိုပြောပြ၍ စီရင်ပြီးဖြစ်နေသည်မျိုး ရှိ တတ်သည်။ အပြစ်ဒဏ်မချမှတ်ခင်တွင်လဲ နိုင်ငံရေးကြောင့် ဖမ်းဆီးခံရသူများသည် တရားရေးဆိုင်ရာတိုင်ပင်မှုများ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုများနှင့် အာမခံဖြင့်လွတ်မြောက်မှုများ မရရှိကြချေ။ အမှုတော်တော်များများတွင် တရားရုံးတင်စစ်ဆေးခြင်းများကို ထောင်ဝင်းအတွင်းရှိ တရားစီရင်ရေးရုံးခန်း၌သာ ကင်မရာဖြင့်တရားစီရင်လိုက်ခြင်းမျိုးလဲ ရှိသည်။[14]

အဖြစ်အပျက်အများအပြားတွင် နိုင်ငံရေးအမှုများနှင့် လူ့အခွင့်အရေးအမှုများအား လိုက်လံကူညီဆောင်ရွက်ပေးသည့်ရှေ့နေများကို နအဖကဖမ်းဆီးခြင်း၊ ထောင်ချခြင်းနှင့် သူတို့၏ရှေ့နေလိုင်စင်များကိုရုပ်သိမ်းခြင်း အပါအဝင် နောက်ယှက်ခြင်းများ လုပ်ဆောင်တတ်သည်။ ယခု လက်ရှိအချိန်တွင် ရှေ့နေ (၁၅) ဦးကို ဖမ်းဆီးချုပ်နှောင်ထား၏။[15] အိုင်အယ်လ်အိုအဖွဲ့သို့ တိုင်ကြားခဲ့သော လယ်သမား (၅၀) ဦးကို ကိုယ် စားပြုခဲ့သည့် ရှေ့နေကိုဖိုးဖြူကို တရားမဝင်အဖွဲ့အစည်းဖွဲ့စည်းရန်ကြံစည်မှုဆိုသောစွပ်စွဲချက်ဖြင့် ထောင်ဒဏ်(၄)နှစ်ချမှတ်အရေးယူခဲ့သည်။ ၂၀၁၀ ခုနှစ်မတ်လတွင်ပြန်လည်လွတ်မြောက်လာသောအခါ သူ၏ရှေ့နေလိုင်စင်ကို ရုတ်သိမ်းခဲ့သည်။[16]

နအဖသည် အာဏာပိုင်များကကျူးလွန်သည့် အကြမ်းဖက်ခြင်းများနှင့် လူအမြောက်အများသတ်ဖြတ်ခြင်းများကို အရေးယူနိုင်ရန် ဘာမှ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းမရှိပေ။  ၂၀၀၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတွင်ဖြစ်ပွားခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြပွဲများအတွင်းတွင် စစ် တပ်သည် သံဃာတော်များနှင့် အခြားလက်နက်မဲ့ပြည်သူများအား ရိုက်နက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို အင်အားအလွန်အကျွံသုံး၍ လုပ်ဆောင်ခဲ့သည်။ စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်အတွင်းမှာပင် အနည်းဆုံးလူ (၃၁) ယောက် သတ်ဖြတ်ခံရ၏။[17] ထိုသေဆုံး မှု များနှင့်ပတ်သက်၍ မည်သူတဦးတယောက်ကိုမှ အပြစ်ပေးအရေးယူခဲ့ခြင်းမရှိဘဲ ထိုဖြစ်ပျက်ခဲ့မှုအပေါ် စုံစမ်းဖော်ထုတ်ခြင်းများကိုလဲ လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ စစ်တပ်များ၊ လုံခြုံရေး

တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏လက်ကိုင်တုတ်များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးအသင်းနှင့် စွမ်းအားရှင်အဖွဲ့ဝင်များသည် မကြာခဏဆိုသလိုတရားဥပဒေကို မျက်မောက်ပြုသည့်ပြစ်မှုများကို ကျူးလွန်လေ့ရှိသည်။ ဥပမာ ဆိုရလျှင် ၂၀၀၇ ခုနှစ်ဧပြီလက ကျေးလက်ဒေသများ၌ လူ့အခွင့်အရေးသင်တန်းပေးခဲ့သော လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရေးနှင့်တိုးမြှင့်ရေးအဖွဲ့မှ အဖွဲ့ဝင် ကိုမြင့်လှိုင်နှင့် ကိုမောင်မောင်လေးတို့နှစ်ဦးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသင်းဝင်များက ကြမ်းကြမ်းတမ်းတမ်းတိုက်ခိုက်မှုကိုသာ ဖော်ညွှန်းပြရမည်ဖြစ်သည်။[18]

**နအဖအပေါ် အကြံပြုချက်များ**

- ကုလသမဂ္ဂထံမှ နည်းပညာပိုင်းဆိုင်အကူအညီများရယူပြီး လွတ်လပ်မှုအပြည့်အဝရှိပြီး တရားဥပဒေစိုးမိုးမှုအောက်၌ မျက်နှာမလိုက်ဘဲ စီရင်ခြင်းများရှိစေရန်အတွက် တရားစီရင်ရေးကဏ္ဍကိုပြန်လည်ပြုပြင်ခြင်း၊ နိုင်ငံရေးကြောင့် ဖမ်းဆီးခံရသောသူများ၏အမှုများတွင် လူ အများကြားနာခြင်းများအပါအဝင် ဥပဒေအတိုင်းလုပ်ရမည့်လုပ်ထုံးလုပ်နည်းများအတွက် အာမခံပေးခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ လွတ်လပ်သည့်တရားစီရင်မှုမဏ္ဍိုင်ဖြစ်စေခြင်းများအတွက် လုပ်ဆောင်ပေးရန်၊
- ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် နိုင်ငံတကာဒီမိုကရေစီကျင့်ထုံးများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် လူသားချင်း စာနာ မှုဆိုင်ရာဥပဒေများနှင့် ကိုက်ညီခြင်းမရှိသောအပိုဒ်များကို ပြင်ဆင်ခြင်းနှင့် ပြန်လည်ရေးဆွဲခြင်းများ လုပ်ဆောင်ရန်၊

## (ဂ) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်၊ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများနှင့် နိုင်ငံရေးအခွင့်အရေး (Freedom of expression and assembly, prisoners of conscience and political rights)

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရေးအတွက်လှုပ်ရှားဆောင်ရွက်နေသူများအား အပြစ်ပေးအရေးယူခြင်း၊ တိုက်ခိုက်ခြင်း၊ တ ရားလက်လွတ်ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်းနှင့် မှားယွင်းစွာဖမ်းဆီးထောင်ချခြင်းစသည့်အဖြစ်အပျက်များမှာ စနစ်တကျ အခြေတည်ရှိလျက် ရှိ၏။ လွန်ခဲ့သည့်လေးနှစ်အတွင်း နိုင်ငံရေးအကျဉ်းသားများအရေအတွက်သည် သိသိသာသာ တိုးပွားလာလျက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင် (၁၁၈၅) ဦးရှိရာမှ ၂၀၁၀ ခုနှစ်တွင် (၂၁၇၀) ဦးထိ တိုးပွားလာသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် အပြည်ပြည်ဆိုင် ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ဖြန့်ဝေသည့် အတွက်ကြောင့်၊ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာကို လက်ဝယ်ကိုင်ဆောင်သည့်အတွက်ကြောင့်နှင့် အိုင်အယ်လ်အိုအဖွဲ့သို့ အဓမ္မလုပ်အားစေခိုင်းသည့် အမှုများကိုတိုင်ကြားသည့်အတွက်ကြောင့် စသည့်သာမန်အဖြစ်မျိုးကြောင့်လဲ ဖမ်းဆီးခံရသည်။

လွတ်လပ်စွာဖွဲ့စည်းခွင့်အပေါ် ဖိနှိပ်လိုသည့်အခါမျိုးနှင့် "တရားမဝင်"ဟုသတ်မှတ်ထားသည့်အဖွဲ့အစည်းများ၏အဖွဲ့ဝင် သို့မဟုတ် ထိုအဖွဲ့ များနှင့် ဆက်သွယ်ခြင်းတို့ဖြင့် လူများကို အပြစ်ပေးအရေးယူလိုသည့်အခါမျိုးတွင် တရားမဝင်ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများဆိုင်ရာဥပဒေကို ကျင့်သုံးလေ့ရှိသည်။ ငြိမ်းချမ်းသည့်ဆန္ဒပြပွဲများတွင်ပါဝင်သူများ၊ အဖွဲ့အစည်းများ ထူထောင်သူများ သို့မဟုတ် စစ်အစိုးရအပေါ် ဆန့်ကျင်သည့်အယူအဆများအားထုတ်ဖော်ပြောဆိုသူများကို အပြစ်ပေးအရေးယူရာတွင် မြန်မာနိုင်ငံရာဇသတ်ကြီးပုဒ်မများကို အသုံးပြု တတ်သည်။ မြန်မာနိုင်ငံတွင် လူငါးဦးထက်ပိုမိုစုဝေးခြင်းကို အမိန့်ကြေညာချက်အမှတ် ၂/၈၈ အရ ပိတ်ပင်တားမြစ်ထားသည်။

ဂျာနယ်လစ်များ၊ ဘလော့ကာများနှင့် စာရေးသူများမှာလဲ တင်းကြပ်သောဆင်ဆာစနစ်ကို ကြုံရပြန်သည်။ ယခုလက်ရှိအချိန်တွင် သတင်း ပညာရှင်ပေါင်း (၄၁) ဦးသည် ထောင်ထဲတွင် ဖမ်းဆီးခံနေရသည်။[19] ပုံနှိပ်ထုတ်ဝေရေးနှင့် အသံလွှင့်လုပ်ငန်းများကို တင်းကြပ်စွာ ချုပ်ကိုင် ထားပြီး အင်တာနက်အသုံးပြုခြင်းနှင့် ရေးသားသည့်အကြောင်းအရာများအပေါ် တားမြစ်ပိတ်ပင်ထားခြင်းများ ရှိသည်။ ၂၀၀၄ ခုနှစ် အီလက် ထရောနစ်ဆိုင်ရာဥပဒေအရ မြန်မာနိုင်ငံသားအနေနှင့် နအဖအပေါ် ဝေဖန်ပြောဆိုချက်များပါဝင်သည့်သတင်းအချက်အလက်များအား အင် တာနက်ကိုအသုံးပြု၍ ဖြန့်ဝေခြင်းကို တားမြစ်ပိတ်ပင်ထား၏။ ထိုဥပဒေကြောင့် ၈၈ မျိုးဆက်သစ်အဖွဲ့ဝင် (၂၂) ဦးတို့သည် စုစုပေါင်းထောင်ဒဏ် (၆၀)နှစ်အပြစ်ပေးခံခဲ့ရသည်။[20]

နိုင်ငံသားများသည် သူတို့၏အစိုးရပြောင်းလဲခွင့်ကို စနစ်တကျငြင်းပယ်ခံနေရသည်။ ဆန္ဒမဲပေးသူများအပေါ် အနှောက်အယှက်ပြုမှုများနှင့် မဲလိမ်မှုများစသည့် ဆိုးဝါးလှသောရွေးကောက်ပွဲဆိုင်ရာမသမာမှုများကြားထဲက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ကို အတည်ပြုခဲ့သည်။[21] ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာဘာသာဖြင့်သာရေးသားထုတ်ပြန်ခဲ့ပြီး ပြည်သူလူထုအကြား အထူးသဖြင့် တိုင်းရင်းသားလူမျိုးများ အကြားတွင် ချပြခြင်းမရှိခဲ့ပေ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု၏အခြေခံအခွင့်အရေးများအပေါ် စစ်တပ်ကချုပ်ကိုင်ခြင်းအား အာမခံပေးထားပြီး "*အရေးပေါ် အခြေအနေ အတွင်း*" အခြေခံ လူ့အခွင့်အရေးများအားလုံးကို ဆိုင်းငံ့ထားနိုင်ခွင့်ကိုလဲ ခွင့်ပြုထား၏။ ထို့ပြင်အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလဲ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ်ပြောင်းလဲရန်နှင့် ၂၀၁၀ ရွေးကောက်ပွဲကိုထောက်ခံကြရန် အတွက် စစ်ရေးလုပ်ဆောင်မှုများဖြင့် ခြိမ်းခြောက်ခဲ့ပြန်သည်။

၂၀၁၀ ရွေးကောက်ပွဲကော်မရှင်ကို နအဖက ခန့်အပ်ထားပြီး ထိုကော်မရှင်သည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ဥပဒေများနှင့် မကိုက်ညီသည့်နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခွင့်မပြုခြင်းနှင့် ဖျက်သိမ်းခြင်းများကို လုပ်ဆောင်နိုင်သည်။ ထို့ပြင်ကော်မရှင်အနေနှင့် ရွေးကောက်ပွဲအတွက်ပြင်ဆင်မှုများသည် "*လုံခြုံရေးအခြေအနေကြောင့် ရွေးကောက်ပွဲအတွက် မဖြစ်နိုင်*" ဟုသတ်မှတ်ခံရသော မဲဆန္ဒနယ်တခုလုံး သို့မဟုတ် ထိုနယ်မြေ၏တစိတ်တဒေသ၌ ရွေးကောက်ပွဲကျင်းပခြင်းကို ဖျက်သိမ်းခွင့်ရှိ၏။ ထိုလုပ်ပိုင်ခွင့်သည် လုံခြုံရေးကိုအကြောင်းပြချက်ပေး၍ တချို့နယ်မြေများ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသော ဒေသများရှိပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို ပိတ်ပင်ခြင်းဖြစ်သည်။ ထို့ပြင်ရွေးကောက်ဥပဒေတွင်ဖော်ပြထားသည့် "*အကျဉ်းကျခံနေရသောသူများ*" နှင့် "*ရွေးကောက်ပွဲဥပဒေအရ တားမြစ်ခံထားရသူ*" ဆိုသည့် အချက်များသည် အထူးကျယ်ပြန့်လွန်းသဖြင့် မဲပေးခွင့်မှပယ်ရှားခံရမှု အတော်များများကို ဖြစ်စေသည်။ အကျဉ်းကျခံနေရသောသူများဟုသတ်မှတ်ထားခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသား (၂၁၇၀) ယောက်တို့သည် မဲပေးခွင့်မှ ဖယ်ရှားခံခဲ့ရ၏။

**နအဖအပေါ် အကြံပြုချက်များ**

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ဆိုင်ရာအခွင့်အရေးများကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းကြောင့် ဖမ်းဆီးထောင်ချအပြစ်ပေးခံရသောသူများကို ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများအဖြစ် တရားဝင်အသိအမှတ်ပြုပေးပြီး ချွင်းချက်မရှိပြန်လွှတ်ပေးရန်၊ သူတို့၏ ပြစ်မှုမှတ်တမ်းများကို ဖျက်သိမ်းပေးရန်၊
- ၁၉၅၀ အရေးပေါ်ဥပဒေ ပုဒ်မ ၁၄၃-၁၄၆ နှင့် ၅၀၅ (ခ)၊ ၁၉၇၅ ခုနှစ် နိုင်ငံတော်ကာကွယ်ရေးဥပဒေ၊ ၁၉၀၈ ခုနှစ် တရားမဝင် အဖွဲ့ အစည်းများဆိုင်ရာဥပဒေနှင့် လူငါးဦးထက်ပိုမိုစုဝေးမှုကိုပိတ်ပင်ထားသည့် အမိန့်ကြေညာစာ ၂/၈၈ အပါအဝင် ငြိမ်းချမ်းသောလုပ်ငန်း များနှင့် အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းများအား ရာဇဝတ်မှုသတ်မှတ်ထားသော ရာဇသတ်ကြီးဥပဒေပါ အပိုဒ်များကို ဖျက်သိမ်းပေးရန်၊
- ကုလသမဂ္ဂလူ့အခွင့်အရေးအထူးလုပ်ငန်းများနှင့် အပြည့်အဝပူးပေါင်းလုပ်ဆောင်ရန်၊ အထူးသဖြင့် ကုလသမဂ္ဂ၏ လွတ်လပ်စွာတွေးခေါ် ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာအထူးစုံစမ်းစစ်ဆေးရေးအရာရှိနှင့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများဆိုင်ရာ အထူးစုံစမ်း စစ်ဆေးရေးအရာရှိများကို တရားဝင်ဖိတ်ကြားခြင်းများ ထုတ်ပြန်ပေးရန်။
- လွတ်လပ်သောသတင်းဖလှယ်မှုကိုခွင့်ပြုရန်နှင့် စာပေစီစစ်ရေးကို လွတ်လပ်စွာနိုင်ငံရေးအယူအဆများယုံကြည်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်များ အပေါ်ဖိနှိပ်ဖို့ အသုံးမပြုနိုင်ရန်အတွက် ၂၀၀၄ ခုနှစ် အီလက်တရောနစ်ဆိုင်ရာဥပဒေ၊ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာဥပဒေများကိုပြုပြင်ရန်၊
- အရေးပေါ်အခြေအနေအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေက အကာအကွယ်ပေးထားသည့် လူတဦးတယောက်ချင်း၏ အခွင့်အရေးကို ပိတ်ပင်နိုင်စွမ်းပြုထားပြီး စစ်တပ်ကိုအပြည့်အဝလုပ်ပိုင်ခွင့်အာဏာပေးထားသည့်အပိုဒ်ကို ဖယ်ရှားရန်၊

## (ဃ) နေအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု (Housing, land and property rights and development)

မြန်မာနိုင်ငံရှိစစ်တပ်သည် အစိုးရကပါဝင်ပတ်သက်နေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဆက်စပ်ပတ်သက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုလဲ ကျူးလွန်လျက်ရှိသည်။ ထိုချိုးဖောက်မှုအမျိုးအစားများထဲတွင် အဓမ္မလုပ်အားစေခိုင်းခြင်း၊

တရားလက်လွတ်သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း၊မြေယာများနှင့်ပိုင်ဆိုင်မှုများကို တရားဥပဒေမဲ့သိမ်းပိုက်ခြင်း၊ အဓမ္မစိုက်ပျိုးခိုင်းခြင်း၊ သွားလာမှုများအပေါ် ကန့်သတ်ခြင်း များတို့ပါဝင်သည်။ အဖြစ်အပျက်အတော်များများတွင် အဓမ္မလုပ်အားစေခိုင်းခြင်းနှင့် ဒေသခံပြည်သူများထံမှ အခွန်အတုတ်များ အဆမတန်ကောက်ခံခြင်းနည်းလမ်းတို့ဖြင့် အစိုးရကပါဝင်ပတ်သက်နေသော ဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးစီမံကိန်းတခုလုံးကို ပြီးစီးအောင်အကောင် အထည်ဖော်လုပ်ဆောင်သွားကြောင်းတွေ့ရသည်။ ထိုစီမံကိန်းများတည်ဆောက်နေသောတိုင်းရင်းသားဒေသများဆီသို့ စစ်တပ်များကို ပိုမို ပို့ဆောင်လေ့ရှိသောကြောင့် အကျိုးဆက်အနေဖြင့် သဘာဝရင်းမြစ်များအပေါ် ပိုမိုအမြတ်ထုတ်ခံရသည်။ ပြည်သူလူထုကို ကျေးရွာများမှ အစုလိုက် အပြုံလိုက်မောင်းထုတ်ခြင်းများ ဖြစ်ပွားစေသည်။ ထို့အတွက်ကြောင့် ဒေသခံပြည်သူများမှာ ဒုက္ခများပိုမိုကြုံတွေ့ရသည်။

နအဖသည် အိမ်ယာ၊ မြေယာနှင့် ပိုင်ဆိုင်မှုကဏ္ဍတခုလုံးအပေါ် လုံးဝချုပ်ကိုင်ထားပြီး အမှုတော်တော်များများတွင် ထိုသို့ချုပ်ကိုင်ထားနိုင် ရန်နှင့် ထိုအခွင့်အရေးများနှင့်ပတ်သက်သည့်ချိုးဖောက်မှုများကို မှန်ကန်သည်ဟုအကြောင်းပြနိုင်ရန်တို့အတွက် ပြည်တွင်းရှိ တည်ဆဲဥပဒေ များကို အသုံးချလုပ်ဆောင်သည်ကို တွေ့ရ၏။ နိုင်ငံတော်ရှိ မြေယာများပြည်သူပိုင် ပြုလုပ်ရေး ဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ တို့တွင် တိုင်းပြည်အတွင်းရှိမြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို နိုင်ငံတော်ကပိုင်ဆိုင်ပြီး ထိမ်းသိမ်းချုပ်ကိုင်နိုင်သည်ဟု ဆိုထား သည်။[22] ထိုအချက်များက မြန်မာနိုင်ငံရှိပြည်သူလူထုနှင့် အိမ်ယာ၊ မြေယာနှင့် ပိုင်ဆိုင်မှုကဏ္ဍတခုလုံးနှင့်ပတ်သက်၍ အစိုးရအပေါ် အထူး လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းပေးထားခြင်းဖြစ်သည်။[23]

နအဖသည် ဘိုးစဉ်ဘောင်ဆက်ကထဲက တိုင်းရင်းသားလူမျိုးစုများပိုင်ဆိုင်ခဲ့သော သယံဇာတပေါကြွယ်ဝလှသည့် မြေယာများကို သိမ်းယူခဲ့ သည်။ ဥပမာ- ၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်းက ချင်းပြည်နယ်တွင် ချင်းပြည်သူများပိုင်ဆိုင်သည့် (၇၁) မိုင်ကျယ်လျားပြီး (၁) မိုင် ကျယ်သောမြေရေိယာစုစုပေါင်း (၄၅၅၀၂) ဧကကို နယ်နမိတ်ချင်းထိစပ်နေသော မကွေးတိုင်းအတွင်းသို့သွပ်သွင်းခဲ့၏။ ထိုနေရာသည်ကျွန်းသစ်ပေါများသောဒေသဖြစ်ပြီး နအဖနှင့်ဆက်စပ်နေသော ကုမ္ပဏီများသည် ထိုဒေသတွင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလကထဲက သစ်ခုတ်လုပ် ငန်းများစတင်လုပ်ကိုင်နေပြီဖြစ်သည်။[24] ထို့ပြင်၂၀၀၉ ခုနှစ်ကထည်းကစတင်၍ ဒေသခံ ပြည်သူများထံမှ မြေယာ (၁၅၀၀၀) ဧကကျော်ကို အတင်းအကြပ် သိမ်းပိုက်ပြီး လက်ဖက်စိုက်ခင်းများအဖြစ် အသွင်ပြောင်းခဲ့သည်။ ထိုမြေယာများသည် ဒေသခံပြည်သူအတွက် အဓိကစားနပ်ရိက္ခာများဖြစ်သည့် ပြောင်းဖူး၊ ပဲနှင့် အာလူးများစိုက်ပျိုးထုတ်လုပ်သည့်မြေယာများဖြစ်သည်။[25]

နအဖသည် မုတ္တမပင်လယ်ပြင် (မွန်ပြည်နယ်အနောက်ဖက်ပိုင်း)နှင့် မြန်မာပြည်အနောက်ဖက်ကမ်းရှိ ရခိုင်ကမ်းလွန်ပင်လယ်တို့တွင် ရေနံ နှင့် သဘာဝဓာတ်ငွေ့တို့ကို ထုတ်ယူလျက်ရှိသည်။ ရခိုင်ပြည်နယ်ရှိ ရွှေသဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ငန်းစီမံကိန်းအတွက် ဒေသခံပြည်သူများပိုင်မြေယာများကို လျော်ကြေးမပေးဘဲသိမ်းယူခြင်းများ၊ ထိုစီမံကိန်းအပေါ် ဆန့်ကျင်မည်ဟုသံသယရှိသောရွာသားများကို ပစ်မှတ် ထားလုပ်ဆောင်ခြင်းများအား ပြုမူခဲ့သည်။

၂၀၀၀ခုနှစ်တုံးကလဲ နအဖသည် ၎င်းတို့ပိုင်ဘိလပ်မြေစက်ရုံများအတွက် စွမ်းအင်များထောက်ပံ့ရန်အတွက် တနင်္သာရီတိုင်းမြောက်ပိုင်းရှိ  ရေဖြူမြို့နယ်မှ မွန်ပြည်နယ်ကိုဖြတ်သန်းပြီး ကရင်ပြည်နယ် ဖားအံမြို့အထိသွယ်တန်းထားသည့် ပိုက်လိုင်း တခုကို တည်ဆောက်ခဲ့၏။  ထိုပိုက်လိုင်းလုံခြုံရေးအတွက် နအဖသည် ၂၀၀၀ခုနှစ်မှစတင်၍ ထိုနေရာတလျောက်တွင် တပ်ရင်းပေါင်း (၂၀)ရင်းကို တာဝန်ပေးခဲ့သည်။ ထို တပ်ရင်းများက ဒေသခံပြည်သူများအား ဘားတိုက်များ၊ လမ်းများနှင့် ကင်းတဲများကို အတင်းအကြပ်ဆောက်ခိုင်းခဲ့၏။ ၂၀၀၃ ခုနှစ်မှစပြီး တပ်ရင်းများနှင့် ထိုတပ်ရင်းများအတွက် စိုက်ခင်းများတည်ဆောက်ရန် စပါးခင်းများ၊ သီးနှံခြံများနှင့် အိမ်နေရာမြေ စုစုပေါင်း (၆၀၀၀) ဧကကျော်ကို သိမ်းပိုက်ခဲ့သည်။[26]

**နအဖအပေါ် အကြံပြုချက်များ**

- မြေယာနှင့်ပိုင်ဆိုင်မှုများအား တရားမဝင်သိမ်းပိုက်မှုများ၊ နေအိမ်မှ အတင်းအကြပ်မောင်းထုတ်ပစ်မှုများ နှင့် ပြည်သူလူထုကို ပြောင်းရွှေ့စေခြင်းများအပါအဝင် နေအိမ်၊ မြေယာနှင့်ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးများအပေါ် ချိုးဖောက်နေခြင်းများကို အမြန်ဆုံးရပ်တံ့ရန်၊
- အတင်းအကြပ်မောင်းထုတ်စေခိုင်းခြင်းနှင့် မြေယာများသိမ်းပိုက်မှုများကိုတားဆီးဟန့်တားနိုင်ရန်၊ မြေယာအတွက်အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်၊ မြေယာဆိုင်ရာအခွင့်အရေးတောင်းဆိုမှုများ ကို သေချာအောင်စိစစ်နိုင်ရန်၊ မြေရှင်မြေငှား

ဥပဒေများ အာဏာသက်ရောက်မှုရှိစေရန်နှင့် လိုအပ်သောနစ်နာကြေးများ ထောက်ပံ့နိုင်ရန်တို့အတွက် မျှတပြီး လူတိုင်းအတွက်အကျိုးသက်ရောက်မှု တန်းတူဖြစ်စေ၍ လူတိုင်းရရှိခံစားနိုင်သော တရားရေးကူညီမှုများဖြစ်ပေါ်လာစေရန်အတွက် ကုလသမဂ္ဂထံမှ နည်းပညာဆိုင်ရာအထောက်အကူများ ရယူရန်၊

- ရပ်ရွာလူထုပါဝင်နိုင်သည့်ယန္တယားများ။ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုအပေါ် ဆန်းစစ်ချက်များ၊ ကျေးလက်ဒေသများတွင်လုံလောက်သော နစ်နာကြေးများကိုပေးသည့် လုပ်ဆောင်ချက်များ အား ထူထောင်နိုင်ရန်အတွက် ကုလသမဂ္ဂထံမှ နည်းပညာဆိုင်ရာ အထောက်အကူများရယူရန်၊

## (င) ဆင်းရဲမွဲတေမှုနှင့် လူသားချင်းစာနာကူညီမှုများအား ရရှိခံစားခွင့် (Poverty and access to humanitarian services)

နအဖသည် ပြည်သူလူထုအတွက် အသက်ရှင်ရန်လိုအပ်သော အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် ပျက်ကွက်သည့်အပြင် အလွန် အမင်းဆင်းရဲကြပ်တည်းခြင်းသို့မကျရောက်အောင် ကာကွယ်ပေးရန်ကိုလဲ ပျက်ကွက်လျက်ရှိ၏။ အစိုးရ၏ပေါ်လစီများကြောင့် ပြည်သူလူထု အများစုမှာ အခြေခံစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများခံစားခွင့်မရှိချေ။ ရလဒ်အနေနှင့် မြန်မာပြည်သူ (၃၂.၇) ရာခိုင်နှုံးမှာ ဆင်းရဲမွဲတေမှုလိုင်းထက်နိမ့်ကျသော အခြေအနေမျိုးတွင် နေထိုင်နေကြလျက်ရှိ၏။ မြန်မာနိုင်ငံသည် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ နှစ် ခုပေါင်းထက် စစ်ရေးကဏ္ဍအတွက် အသုံးစားရိတ်ပိုမို အသုံးပြုနေသော ဒေသအတွင်းရှိ တခုထည်းသောနိုင်ငံဖြစ်သည်။ နအဖသည် နိုင်ငံတော်အသုံးစားရိတ်များကို ကျန်းမာရေးအတွက် (၁.၅) ရာခိုင်နှုံး၊ပညာရေးအတွက် (၁.၉) ရာခိုင်နှုံးတို့ကိုသုံးစွဲပြီး ကာကွယ်ရေးအတွက် (၈၁) ရာခိုင်နှုံးသုံးစွဲလျက်ရှိသည်။[27] ကျန်းမာဝန်ထမ်းများက မြန်မာနိုင်ငံတွင် တနှစ်လျှင် ငှက်ဖျားရောဂါခံစားရသူ ငါးသန်းမှ ဆယ်သန်း အထိ ရှိမည်ဟု ခန့်မှန်းထားပြီး လူနာအနည်းငယ်လောက်သာ ထိရောက်သောကုသမှုကို ရရှိကြသည်။[28] လူဦးရေ၏ (၁၅) ရာခိုင်နှုံးသည် အစားအစာမလုံခြုံခြင်းကို ရင်ဆိုင်နေရ၏။[29] ကလေးစုစုပေါင်း၏ (၃၀) ရာခိုင်နှုံးမှာ ဆိုးဝါးသည့်အဟာရချို့တဲ့မှုကို ကြုံနေရသည်။[30] ပြည် တွင်းဒုက္ခ သည်များနှင့် တခြားနိုင်ငံရောက်ဒုက္ခသည်များသည် အစားအစာမလုံခြုံမှုနှင့် ဆင်းရဲမွဲတေမှုတို့နှင့် ဆက်စပ်နေသောရောဂါများကို အထူး ဆိုးဝါးစွာခံစားကြရသည်။ ကိုယ်ဝန်ဆောင်မိခင် (၇၅) ဦးလျှင် တဦးသေဆုံးမှုရှိနေသည်။ ထိုအချက်က မျိုးပွားမှုဆိုင်ရာဝန်ဆောင်ပေးခြင်းများတွင် ထိရောက်မရှိကြောင်းဖော်ပြနေသည်။ ထို့ပြင် မိခင်များသေဆုံးခြင်း၏ ၅၀ ရာခိုင်နှုံးမှာ လုံခြုံမှုမရှိသော ကိုယ်ဝန်ဖျက်ချခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရှိရသည်။[31]

နအဖသည် ပညာရေးအတွက်ရင်းမြစ်များကို ကန့်သတ်ခြင်း၊ အသုံးစားရိတ်များကို လျော့ချခြင်းနှင့် သင်ရိုးညွှန်းတမ်းများကို ဆင်ဆာပြုလုပ်ခြင်းများဖြင့် မြန်မာနိုင်ငံ၏ပညာရေးစနစ်ကို ပျက်စီးအောင်လုပ်ဆောင်နေလျက်ရှိ၏။ နိုင်ငံတော်ရှိ ကလေးကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာကလေးအခွင့်အရေးဆိုင်ရာစာချုပ်အရ လိုက်နာရန် တာဝန်ရှိသောအချက်များကိုလဲ အကောင်အထည်ဖော် လုပ်ဆောင်ရန် ပျက်ကွက်လျက်ရှိသည်။ ပညာရေးနှင့်ပတ်သက်ပြီး ကလေးဥပဒေထဲတွင် " ကလေးတိုင်းတွင် ပညာသင်ကြားခွင့်ရှိသည်။ အစိုး ရကဖွင့်လှစ်ပေးထားသည့်ကျောင်းများတွင် အခြေခံပညာကိုအခမဲ့သင်ကြားနိုင်ခွင့်ရှိသည်" ဟု ဆိုထားသည်။ သို့သော် ယူနီဆက်အဖွဲ့၏ စာရင်းများအရ ကလေးငယ် (၃၅) ရာခိုင်နှုံးသည် ကျောင်းတက်ရသည့်နှစ် ငါးနှစ်မတိုင်မီကျောင်းမှထွက်ခဲ့ရပြီး (၂၅) ရာခိုင်နှုံးသာ အခြေခံ ပညာကိုပြီးဆုံးအောင် တက်နိုင်ခဲ့ကြောင်းသိရသည်။

ပြည်တွင်းဒုက္ခသည်ကလေးများအခြေအနေမှာ ထို့ထက်ပိုဆိုးဝါးပါသည်။ သွားလာလှုပ်ရှားမှုကို ကန့်သတ်ထားခြင်း၊ လုံခြုံရေးအတွက် ပူပန်ရခြင်း၊ ကျောင်းစားရိတ်မတတ်နိုင်ခြင်းနှင့် လုံလောက်သောပညာရေး အထောက်အပံ့ဝန်ဆောင်မှုများ မရှိခြင်းတို့ကြောင့် အနည်းငယ်လောက်သာ ကျောင်းတက်နိုင်သည်။[32] မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်ဒေသအများအပြားတွင် အစိုးရသည် ပညာရေး လုပ် ငန်းများကို လုံးဝသို့မဟုတ် အနည်းငယ်လောက်သာ လုပ်ဆောင်ပေးသည်ကို တွေ့၏။ ပညာရေးလုပ်ငန်းများလုပ်ဆောင်ပေးသည့် နေရာများတွင်လဲ ကျောင်းသစ်များဆောက်ရန်အတွက် အခမဲ့လုပ်အား စေခိုင်းခြင်းများနှင့် ကုန်ကျငွေကို အတင်းအကြပ်ကောက်ခံခြင်းများအား လုပ်ဆောင်တတ်သည်။ ဆရာဆရာမအတွက် ကုန်ကျငွေအပါအဝင် အခြားကုန်ကျငွေများကို ဒေသခံရွာသားများက စိုက်ပေးရသည်။

မြန်မာနိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းသည် မိရိုးဖလာသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို အဓိက အမှီပြုနေထိုင်နေကြသည်။ ထိုသူများအတွက် နအဖက ခိုင်မြဲသည့်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခြင်းမရှိပါ။ လယ်ယာ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ တင်သွင်းခြင်းမှာ လွန်ခဲ့သောငါးနှစ်အတွင်းကစ၍ တိုးတက်လာသော်လဲ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ ပိုင်း၊ ချင်းပြည်နယ်တို့တွင် လက်နက်ကိုင်ပဋိပက္ခများ၊ အုပ်ချုပ်ရေး က မောက်ကမဖြစ်မှုများနှင့် သဘာဝဘေးဒဏ်တို့ကြောင့် အစားအစာ ငတ်မွတ်မှုများရင်ဆိုင်နေရသော သတင်းများထွက်ပေါ် နေလျက်ရှိသည်။[33] ချင်းပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနှင့် အခေါင်ဖျား ဆုံးပြည်နယ်တခုဖြစ်ပြီး လမ်းပမ်း ဆက်သွယ်ရေး၊ ကျန်းမာရေးထောက်ကူမှုများ၊[34] လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိမှုများ အနည်းငယ်သာ ရှိသည်။ ချင်းပြည်သူ လူထု၏ ( ၇၀) ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုလိုင်းအောက်တွင်ရောက်ရှိနေပြီး (၄၀) ရာခိုင်နှုန်းမှာ လုံလောက်သော အစားအစာ မရရှိသည့်ဘဝမျိုးတွင် ရှိနေသည်။[35] ချင်းပြည်နယ်ရှိပြည်သူများ၏ ငါးပုံတပုံသည် ယခင်ထဲကဆိုးဝါးနေသော အစားအစာ မလုံလောက် သည့်ပြဿနာကို ပိုမိုဆိုးဝါးစေသည့်အဖြစ်တခုအား ၂၀၀၇ ခုနှစ်မှစတင်၍ ထပ်မံကြုံခဲ့ကြရသည်။ ထိုအဖြစ်မှာ *Melocanna baccifera* ဝါးများပွင့်ပြီး တောကြွက်များကိုမြူဆွယ်သဖြင့် တောကြွက်များက ထိုဝါးများအပြင် ပြည်သူတို့၏ ကောက်ပဲသီးနှံများကိုပါ ဖျက် စီးပစ်သည့် အဖြစ်အပျက်ဖြစ်၏။ ထိုသို့ဖြစ်ရခြင်းနှင့်ပတ်သက်၍ နအဖအနေဖြင့်ကူညီမှု တစုံတရာမှ မလုပ်ဆောင်ပေးသည့်အပြင် နိုင်ငံခြား မှကူညီမှုများ ကိုပင် တားမြစ်ခဲ့သည်။[36] ယခုအချိန်အထိ ချင်းပြည်နယ်တွင် အဟာရချို့တဲ့မှုနှင့် ဆက်စပ်ပတ်သက်နေသော ရောဂါများနှင့် ဖျားနာမှုများကြောင့် လူပေါင်း (၅၄) ဦးကျော်သေဆုံးခဲ့ပြီး အများစုမှာ ကလေးငယ်များဖြစ်ကြသည်။[37]

၂၀၀၈ ခုနှစ် မေလ(၂) ရက်နေ့က ဧရာဝတီတိုင်းတွင်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုံးမုန်တိုင်းကြောင့် လူပေါင်းတသိန်း သုံးသောင်း ရှစ်ထောင်ကျော်သေဆုံးခဲ့ရပြီး အနည်းဆုံးလူပေါင်း ၂.၄ သန်းထိခိုက်စေခဲ့သည်။ နအဖကမုန်တိုင်းဒဏ်ခံပြည်သူများအတွက် နိုင်ငံတကာ အကူအညီများကို တားမြစ်ပိတ်ပင်ခဲ့သည်။ ထို့အတွက် မြန်မာနိုင်ငံ အရေးပေါ်ကူညီမှုအဖွဲ့ (Emergency Assistance Teams Burma –EAT) ကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများက မုန်တိုင်းဒဏ်ခံပြည်သူများအပေါ် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ နှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တတ်နိုင်သရွေ့ ကူညီထောက်ပံ့မှုများလုပ်ဆောင်ခဲ့ရသည်။ မုန်တိုင်းတိုက်ပြီးတနှစ်ကြာခဲ့သည့်အထိ မြစ်ဝကျွန်းပေါ်ဒေသရှိမုန်တိုင်းသင့်ပြည်သူတို့မှာ အစားအစာနှင့်သောက်သုံးရေများလုံလောက်စွာမရရှိသေးချေ။ အသက်ရှင်ရန်အတွက်ကြိုးစားရုန်းကန်နေရသည့်အတွက် ပြည်သူလူထုအခြေအနေမှာ ပိုမိုဆိုးဝါးနေသည့်အသွင်ရောက်နေသည်။[38] နိုင်ငံတကာက လေးစားလိုက် နာရမည်ဟုသတ်မှတ် ထားသော ဥပဒေများအရ ဆင်းရဲငတ်မွတ်ခြင်းမှကင်းလွတ်ခွင့်ရှိအောင်လုပ်ဆောင်ပေးရန်မှာ နိုင်ငံတော်အစိုးရတိုင်း၏ တာဝန်ဖြစ်သည်။[39] နအဖသည် မြစ်ဝကျွန်းပေါ်ဒေသရှိမုန်တိုင်းဒဏ်ခံပြည်သူအများစုအတွက် အစားအစာနှင့်သောက်သုံးရေများစသည့် ရင်းမြစ်များရရှိအောင် မလုပ်ဆောင်ပေးဘဲ ပျက်ကွက်ခဲ့သည်။ ထို့ပြင် အစားအစာနှင့် အထောက်အပံ့အကူအညီများကို ဂိုသမလောဘသား ကျေးရွာသူကြီးများ၊ အခြားအာဏာပိုင်များနှင့် ဒေသခံစီးပွားရေးရှင်များအတွက် အကျိုးဖြစ်အောင် ခွဲဝေခြင်းများ၊ လွှဲပြောင်းပေးခြင်းများကို ခွင့်ပြုခဲ့သည်။ ထို့ကြောင့်မုန်တိုင်းသင့်ပြည်သူများမှာ အဟာရပြည့်ဝရေးအတွက် အခြေခံလိုအပ်ချက်များကိုပင် ရရှိခံစားရခြင်းမရှိဘဲ ကြွက် များ၊ ဖားများ၊ ဂဏန်းများကိုဖမ်းယူစားသောက်ပြီး အသက်ဆက်နိုင်အောင် ကြိုးစားခဲ့ကြရသည်။ ထို့ပြင် မုန်တိုင်းသင့်ပြည်သူများသည် အခြားသောကဏ္ဍပေါင်းစုံမှပါဝင်ပတ်သက်နေသော သူများ၏ အမျိုးမျိုးသောအမြတ်ထုတ်မှုများကြောင့် သူတို့၏ကိုယ်ပိုင်ပစ္စည်းများဆုံးရှုံးရခြင်းနှင့် အခြားအဖြစ်များရင်ဆိုင်ရကာ ဆင်းရဲတွင်းထဲသို့ ကျရောက်ခဲ့ရရှာသည်။ ထိုသို့အမြတ်ထုတ်သည့်လုပ်ရပ်များတွင်လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အဆမတန်မြင့်မားလှသောအတိုးနှုန်းများဖြင့် ငွေချေးပေးခြင်း၊ လာရောက်လှူဒါန်းထားသော ပစ္စည်းများကို ကျေးရွာသူကြီးက သိမ်းဆည်းပြီး ဈေးကြီးကြီးဖြင့်ပြန်လည်ငှားရမ်းခြင်း၊ လက်ရှိပေါက်ဈေးထက် လျော့ပေးပြီး ဈေးနှိမ်ဝယ်ယူ သည့်စည်းကမ်းကို ထုတ်ပြန်ခြင်း၊ အစိုးရကသတ်မှတ်ထားသည့်အရေအတွက်အတိုင်း ကြွက်များကိုမဖမ်းနိုင်သည့် မိသားစုများအား ဒဏ် ရိုက်ခြင်း၊ ယခင်ကလူထုအားလုံးငါးဖမ်းခွင့်ရှိသောနေရာများကို စစ်တပ်ကထိမ်းချုပ်ထားပြီး ငါးဖမ်းခွင့်အတွက် အခွန်ကြေးပေးဆောင်ခိုင်းခြင်းတို့ပါဝင်သည်။ ပြန်လည်ထူထောင်ရေးကာလအတွင်းတွင်လဲ ကူညီထောက်ပံ့သည့်အကူအညီများအပေါ် ကန့်သတ်ခြင်း၊ ကယ်ဆယ်ရေး ဝန်ထမ်းများအပေါ် နှောက်ယှက်ခြင်း၊ မြေယာများ သိမ်းယူခြင်းနှင့် သတင်းများဖလှယ်ခြင်းပေးပို့ခြင်းများအား တင်းကြပ်စွာကန့်သတ်ခြင်းများကိုလဲ လုပ်ဆောင်ခဲ့ကြောင်း သတင်းများရရှိသည်။[40] ၂၀၀၉ ခုနှစ်ကုန်ဆုံးကာနီးက နအဖသည် ရုရှားနိုင်ငံမှ ဒေါ်လာ (၅၇၀) သန်း ဖိုးတန်အဆင်မြင့် တိုက်လေယာဉ်များကိုဝယ်ယူခဲ့သည်။ တဖက်တွင်လဲ ဆိုင်ကလုန်းနာဂစ်ကြောင့်ပျက်စီးဆုံးရှုံးခြင်းများအား ပြန်လည်ထူထောင်နိုင်ရန်အတွက် နအဖအစိုးရကဦးစီးလုပ်ကိုင်နေသည့် သုံးဦးစပ်အဖွဲ့က နိုင်ငံတကာသို့ အကူအညီ ဒေါ်လာ(၁၀၃) သန်း

တောင်းခံခဲ့ သည်။ နိုင်ငံတကာက ဒေါ်လာ (၈၈) သန်းသာ ကူညီထောက်ပံ့ခဲ့သည်။

**နအဖအပေါ် အကြံပြုချက်များ**

- ဒေသခံစေတနာ့ဝန်ထမ်းကူညီသူများ၊ ရပ်ရွာလူထုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများ၏ လူသားချင်းစာနာသောအကူအညီများပေးသည့်အပေါ် ကန့်သတ်ပိတ်ပင်ထားခြင်းအားလုံးကို ဖယ် ရှားပေးပြီး ဆေးဝါးများနှင့် အခြား အထောက်အပံ့များဝယ်ယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ရန်၊
- မြန်မာပြည်သူများလိုအပ်နေသည့်အချက်များကိုဖြည့်ဆည်းပေးနိုင်မည့် ကျန်းမာရေးနှင့်ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှု များကို ချက်ချင်း တိုးမြှင့်လုပ်ဆောင်ရန်၊
- ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းတို့နှင့် ပတ်သက်သောသေဆုံးမှုများ၊ မကျန်းမာမှုများလျော့ကျစေရန်အတွက် အမျိုးသမီးများ အား လိင်ပိုင်းနှင့်မျိုးပွားမှုဆိုင်ရာကျန်းမာရေးအထောက်အကူများ ပံ့ပိုးပေးရန်၊

## (စ) တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများနှင့် မူရင်းဌာနေလူမျိုးများအခွင့်အရေးများ (Rights of Ethnic and Religious Minorities and Indigenous Peoples)

တိုင်းရင်းလူမျိုးစုများသည် မြန်မာနိုင်ငံလူဦးရေ၏ ၃၅-၄၀ ရာခိုင်နှုံးခန့်ရှိပြီး ပြည်နယ်ပေါင်း ခုနစ်ပြည်လုံးတွင် လူများစုဖြစ်ကြ သည်။[41] တိုင်း ရင်းသားလူမျိုးစုများသည် ဖယ်ဒရယ်ပြည်ထောင်စုထူထောင်ပြီး တန်းတူအခွင့်အရေးများနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်တို့ကို တောင်းဆိုခဲ့ကြ သည်။ ထိုတောင်းဆိုချက်များကို နအဖက အကြမ်းဖက်ခြင်းများနှင့် အင်အားများသုံးကာ စနစ်တ ကျငြင်းပယ်ခဲ့၏။ နအဖသည် လူ့အခွင့် အရေး၊ နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ ဘာသာရေးတို့နှင့် ပတ်သက် ပြီး လှုပ်ရှားဆောင်ရွက်နေသည့် တိုင်းရင်းသား တက် ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားနှိပ်ကွပ်လျက်ရှိသည်။ ထို့ပြင် တိုင်း ရင်းသားနိုင်ငံရေးအဖွဲ့များနှင့် လက်နက်ကိုင်အဖွဲ့များကို ထောက်ခံ အားပေးသည်ဟူသောစွပ်စွဲချက်ဖြင့် မှန်သည်ဖြစ်စေ မ မှန်သည်ဖြစ်စေ အပြစ်ပေးအရေးယူလျက်ရှိသည်။ ပြည်သူလူထုအပေါ် မတရား အပြစ်ပေးစီရင်ခြင်း၊ တရားလက်လွတ် ဖမ်း ဆီးခြင်း၊ အတင်းအကြပ်နေရာရွှေ့ပြောင်းခြင်း၊ အဓမ္မလုပ်အားစေခိုင်းခြင်း၊ အစားအစာနှင့် သီးနှံများကိုဖျက်ဆီးခြင်းနှင့် နှိပ် စက်ခြင်းစသည့်လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျကျူးလွန်နေကြောင်း အထောက်အထားများစွာရှိသည်။

၁၉၆၂ခုနှစ်ကထဲက တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သောစစ်အစိုးရအဆက်ဆက်သည် တိုင်းရင်းသားများ၏ အမျိုးသားဂိုသေသ၊ သ မိုင်းကြောင်း၊ ဘာသာစကားနှင့် ယဉ်ကျေးမှုများထိမ်းသိမ်းခြင်းအပေါ် ကန့်သတ်ချုပ်ချယ်ခြင်းများလုပ်ဆောင်ပြီး တိုင်းရင်း သားများအားလုံးအပေါ် ဖိနှိပ် သည့်ပေါ်လစီများကို ကျင့်သုံးခဲ့ကြသည်။ စာသင်ကျောင်းနှင့် အလုပ်ဌာနများတွင် တိုင်းရင်း သားဘာသာအသုံးပြုခြင်းအား ပိတ်ပင်ခဲ့သည်။ တိုင်းရင်းသားများဖြစ်သည့် မွန်၊ ကရင်၊ ရှမ်း၊ ချင်း၊ ကရင်နီ၊ ရခိုင်နှင့် ကချင် တိုင်းရင်းသားများသည် သူတို့တိုင်းရင်းသားဘာသာသင်ကျောင်း များဖွင့်လှစ်ပြီး ဘာသာစကားနှင့်ယဉ်ကျေးမှုတို့ကို ထိမ်း သိမ်းရန် သင်ကြားခဲ့ကြသည်။ ထိုသို့သောကျောင်းများအပေါ် ဒေသခံအာဏာပိုင် များက အမြဲမပြတ်နှောက်ယှက်ခြင်းများ လုပ်ဆောင်လေ့ရှိသည်။

နအဖကလုပ်ဆောင်နေသော ထိုပေါ်လစီနှင့်လုပ်ရပ်များသည် ၂၀၀၇ ခုနှစ်က နအဖကိုယ်တိုင်သဘောတူလက်ခံခဲ့သည့် ကုလသမဂ္ဂ မူရင်းဌာနေလူမျိုးများအခွင့်အရေးကြေညာစာတမ်းတွင်ပါသောအချက်များနှင့် ဆန့်ကျင်ကွဲလွဲနေလျက်ရှိပြီး မူ ရင်းဌာနေလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် အများဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည်။[42] ချင်းပြည်နယ် တခုထဲတွင် လူမျိုးစုကွဲများ (၆၀) ကျော်ရှိပြီး လူဦးရေ (၉၀) ရာခိုင်နှုံးမှာ ခရစ်ယာန်များဖြစ်၏။ အစိုးရကလုပ်ဆောင်သော ခရစ်ယာန်များအပေါ် ဖိနှိပ်မှုများမှာ နေရာအနှံ့တွင်ဖြစ်ပွား လျက်ရှိပြီး ဘာသာရေးစုဝေးခွင့်များအပေါ် ကန့်သတ်ချက်များ ရှိနေသည်။[43]

ရခိုင်ပြည်နယ်တွင်နေထိုင်လျက်ရှိသော ရိုဟင်ဂျာများသည် ကွဲပြားသော ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ကိုးကွယ်မှုများရှိသူ တို့ဖြစ်သည်။ ထိုသူများသည် ဆိုးဝါးလှသည့် အပြစ်ပေးအရေးယူမှုများ၊ ခွဲခြားဖိနှိပ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကို ရင်ဆိုင်ခံစားနေရလျက် ရှိသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံ နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေထဲတွင် နိုင်ငံတကာဥပဒေတော် များများတွင်ဖော်ပြထားသည့် အခြေခံ မူဝါဒများအား ချိုးဖောက်မှုများပါဝင်နေပြီး ရိုဟင်ဂျာများကို နိုင်ငံမဲ့များအဖြစ်သို့

ရောက်စေ၏။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံ နိုင်ငံသားဖြစ်မှု ဆိုင် ရာ ဥပဒေအရ နိုင်ငံသားဆိုသည်မှာ ဥပဒေအရအသိအမှတ်ပြု ထားသည့်တိုင်းရင်းသား (၁၃၅) မျိုးဂဏ်တမျိုးမျိုးကိုသာ အသိအမှတ်ပြုထားသည်။ ထိုအချက်ဖြင့် ရိုဟင်ဂျာတို့မှာ ပြင်ပ ရောက်သွားသည်။ ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး၏စာရင်းများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်ရှိ ရခိုင်ပြည် နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာအများစုဖြစ်သည့်နိုင်ငံမဲ့သူများ ခုနစ်သိန်းသုံးသောင်းရှိကြောင်း သိရသည်။[44] နိုင်ငံမဲ့သူများ ဖြစ်သောကြောင့် ထိုသူများ၏ နိုင်ငံသားဖြစ်ခွင့်အပေါ် ငြင်းပယ်ခံရပြီး သွားလာခြင်းအပေါ်ကန့်သတ်မှုများဖြစ်စေသည်။ သူတို့ ၏ ဂိုဒေသရရှိခွင့်နှင့် မွတ်ဆလင်ဘာသာကျင့်သုံးခွင့်များကို ငြင်းပယ်ခံနေရသည်။ သူတို့နေထိုင်သည့် ကျေးရွာအုပ် စု၏ ပြင်ပသို့ ခရီးသွား လာမည်ဆိုပါက ခရီးသွားခွင့်ကို ကြိုတင်ရယူရပြီး ရခိုင်ပြည်နယ်ပြင်ပသို့ထွက်ခွာရန်အတွက် အကန့် အသတ်ပေါင်းများစွာကြုံတွေ့ရသည်။ အခြားနိုင်ငံသားများခရီးသွားရာတွင် နိုင်ငံသားမှတ်ပုံတင်များကို ကိုင်ဆောင်သွားလာ ရန်သာလိုအပ်ပြီး သွားလာခွင့်ကြိုတင်ယူရန် မလိုချေ။ ရိုဟင်ဂျာများသည် အဆင့်မြင့်ပညာကို ဆည်းပူးရာတွင်၎င်း၊ အစိုးရ အလုပ်များဖြစ်သည့် ဆရာဝန်၊ သူနာပြုနှင့် ကျောင်းဆရာ အလုပ်များ လုပ်ကိုင်ရာတွင်၎င်း အထူးကန့်သတ်ခံနေရသည်။ လက်ထပ်ထိမ်းမြားမည်ဆိုပါကလဲ အာဏာပိုင်များထံမှ တရားဝင်ပါမစ်ရရှိရန် လိုအပ် သည်။[45]

**နအဖအပေါ် အကြံပြုချက်များ**

- တိုင်းရင်းသားနှင့်ဘာသာရေးလူနည်းစုများအပေါ် အပြစ်ပေးအရေးယူခြင်း၊ ခွဲခြားဖိနှိပ်ခြင်းနှင့် အတင်းအကြပ် ဖိနှိပ်ခြင်း များ လုပ်ဆောင်နေသည့် ပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများကို စွန့်လွှတ်ပြီး ခွဲခြားဖိနှိပ်သည့်လုပ်ဆောင်ချက်များ အား လုံးကို ခြွင်းချက်မရှိ ဖယ်ရှားရန်၊
- ကုလသမဂ္ဂ မူရင်းဌာနေလူမျိုးများအခွင့်အရေးဆိုင်ရာကြေညာစာတမ်း၏အပိုဒ် (၃) နှင့်အညီ မူရင်းဌာနေလူမျိုးများ၏ အများဆိုင်ရာ စုပေါင်းအခွင့်အရေးများ အထူးသဖြင့်ဘာသာရေး၊ ဓလေ့ထုံးစံ၊ သဘာဝရင်းမြစ်များနှင့် သဘာဝပတ်ဝန်း ကျင်ထိမ်းသိမ်းခြင်းများနှင့် ပတ်သက်သည့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကို ကာကွယ်ပေးနိုင်ပြီး ပွင့်လင်းမြင်သာသည့် ဥပဒေ နည်းလမ်းများဖော်ဆောင်နိုင်ရန်အတွက် ကုလသမဂ္ဂထံမှ နည်းပညာပိုင်းအကူအညီများကို တောင်းခံရန်၊
- ၁၉၈၂ နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေးတာဝန်ခံမှုများနှင့်ကိုက်ညီအောင်ပြင်ဆင်ရန်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအပေါ် လွတ်လပ်စွာသွားလာခွင့်အားကန့်သတ်ခြင်းအပါအဝင် ခွဲခြားဖိနှိပ်သည့် လုပ်ဆောင်မှုများကို အဆုံးသတ်ရန်၊

## (ဆ) လူကုန်ကူးခြင်း (Human Trafficking )

ကလေးအခွင့်အရေးစာချုပ်၊ အမျိုးသမီးအခွင့်အရေးစာချုပ်နှင့် လူကုန်ကူးမှုဆိုင်ရာစာချုပ်များကို လေးစားလိုက်နာရန် လက် မှတ်ရေးထိုး ထားသော်လဲ နအဖသည် အရွယ်ရောက်သူများနှင့်ကလေးများအား အမြတ်ထုတ်ခြင်းနှင့် အတင်းအကြပ် ရွှေ့ ပြောင်းခြင်းများမဖြစ်စေရန် အာမခံပေးသည့် တားဆီးမှုများ၊ ကာကွယ်ပေးမှုများ၊ ဥပဒေပြုခြင်းများနှင့် အုပ်ချုပ်ရေးစီရင် လုပ် ဆောင်မှုများကို လုပ်ဆောင်ပေးရန် ပျက် ကွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းအားတိုက်ဖျက်ရေး ဥပဒေကို ပြဌာန်းထားပြီး အစိုးရဌာနပေါင်းစုံပါဝင်သည့် အလုပ်အဖွဲ့ ကိုဖွဲ့စည်းထားခြင်းနှင့် လူကုန်ကူးခြင်းတိုက်ဖျက်ရေး အမျိုးသား စီမံကိန်းများချမှတ်ထားခြင်းတို့ကိုလုပ်ဆောင်သည်။ သို့သော်လဲ နိုင်ငံတော် ဥပဒေထဲတွင် လူကုန်ကူးမှုဖြစ်ရသည့် အ ကြောင်းရင်းများ ကို ဖော်ပြထားခြင်းမရှိပါ။ ထိုမူ့မက အပြစ်ပေးအရေးယူမှုကိုသာ ဦးစားပေးထား လျက်ရှိပြီး အကျင့်ပျက် လာဒ်စားမှုများနှင့် တရားဥပဒေစိုးမိုးခြင်းများမရှိသည့်အတွက်ကြောင့် ထိုအပြစ်ပေးမှုများသည် အပြစ်မရှိသည့်သူ များအပေါ် မှားယွင်းစွာအပြစ်ပေးမှုများဖြစ်စေနိုင်သည်။[46]

နိုင်ငံအတွင်း နိုင်ငံရေးနှင့်စီးပွားရေးအခြေနေများဆက်လက်ပျက်စီးယိုယွင်းနေမှုများဖြစ်ပွားနေသည်။ ပညာရေးနှင့် အလုပ် အကိုင်ရရှိနိုင်မည့် အခွင့်အလမ်းများ နည်းပါးနေသည်။ ထို့အတူ ကျေးလက်ဒေသမှပြည်သူများကို နေရပ်မှထွက်ခွာအောင် တွန်းပို့နေသောအခြေအနေများ ရှိနေသောကြောင့် အခြားတိုင်းပြည်များသို့ အထူးသဖြင့် ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံများဆီသို့ ထွက်ခွာသူအရေအတွက်မှာ တိုးပွားလာနေ သည်။[47] ရွှေ့ပြောင်းသွားလာသူများကို အစိုးရက တရားဝင်သွားလာနိုင်သည့် အခွင့်အလမ်းများမပေးခြင်း၊ အသက် (၂၅)နှစ်အောက်အမျိုး သမီးငယ်များအား တရားဝင်အုပ်ထိမ်းသူမပါဘဲ ခရီးသွားလာ ခြင်းကို တားမြစ်ထားသည့် ခွဲခြားမှုဖြစ်စေသောညွှန်ကြားချက်များ ထုတ်ပြန် ထားခြင်း၊ တခြားနိုင်ငံများတွင် မည်ကဲ့သို့ နေ ထိုင်လုပ်ကိုင်ရသည်ဆိုသည့်အခြေအနေမျိုးကို သိရှိသဘောပေါက်စေသည့်အခြေအနေမျိုး မရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ

မှ ရွှေပြောင်းသွားလာသူများသည် ခရီးသွားလာရန်အတွက်နှင့် အလုပ်အကိုင်ရရှိရန် ကြားလူများလိုအပ်လာရတော့သည်။ အများအပြားမှာ လာရောက်သည့်လမ်းတလျောက်နှင့် အလုပ်နေရာများတွင် အမြတ်ထုတ်ခြင်းများ ရင်ဆိုင်ရပြီး တချို့မှာ လူကုန်ကူးခြင်းခံရတော့သည်။လူကုန်ကူးခံရသည့်သူများအပေါ် ကူညီသည့်လုပ်ငန်းများကို အစိုးဌာနများကသာလုပ်ဆောင်ပြီး လွတ်လပ်သည့် လူထုအခြေပြုအဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကို အထူးကန့်သတ်ထားလေ့ရှိသည်။ ထို့ပြင် ထိုအစိုးရဌာနများသည် လူကုန်ကူးသူထံမှ လာဒ်များလက်ခံကာ လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေမှ လွတ်မြောက်အောင် လုပ်ဆောင်ပေးမှုများရှိကြောင်းသတင်းများရရှိသည်။

**နအဖအပေါ် အကြံပြုချက်များ**

- နိုင်ငံသားများအားလုံး နိုင်ငံသားကဒ်ပြားများကို အလွယ်တကူရရှိနိုင်အောင်လုပ်ဆောင်ပေးခြင်းအပါအဝင် တရားဝင်ရွှေပြောင်းခြင်းများဖြစ်နိုင်သည့်အခွင့်အရေးများအား ဖန်တီးပေးရန်၊
- အသက် (၂၅)နှစ်အောက်အမျိုးသမီးငယ်များအား တရားဝင်အုပ်ထိမ်းသူမပါဘဲခရီးသွားလာခြင်းကို တားမြစ်ပိတ်ပင်ထားသည့်အမိန့် အပါအဝင် အမျိုးသမီးများအားအပေါ် ခွဲခြားဖိနှိပ်သည့်ပုံစံများအားလုံးကို ပပျောက်အောင်လုပ်ဆောင်ရန်၊
- လူထုအခြေပြုအဖွဲ့များ အထူးသဖြင့်အမျိုးသမီးအဖွဲ့အစည်းများအား တားမြစ်ပိတ်ပင်ခြင်းမရှိဘဲ လူကုန်ကူးခံသည့် အမျိုးသမီးများနှင့် မိန်းကလေးများကို ကူညီခွင့်ပြုရန်၊ လူမှုဝန်ဆောင်မှုများတိုးတက်စေရန်နှင့် လုံခြုံသော ရွှေပြောင်းခြင်းများဖြစ်စေရန်အတွက် သတင်း အချက်အလက်များကို အများသိရှိနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချီရန်၊

## (၈) အလုပ်သမားအခွင့်အရေးများ (Labour rights)

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် မြန်မာနိုင်ငံဗဟိုစာရင်းအင်းအဖွဲ့တို့ကကောက်ယူခဲ့သောစစ်တမ်းအရ မြန်မာပြည်လူဦးရေ၏ (၃၀) ရာခိုင် နှုံးသည် အခြေခံအစားအစာနှင့်လိုအပ်ချက်များအတွက် မလုံလောက်သောဝင်ငွေမျိုးနှင့် ရပ်တည်နေကြပြီး ထိုအထဲတွင်တိုင်းရင်းသားပြည်နယ်များ တွင်နေထိုင်သူများမှာ (၅၀) ရာခိုင်နှုံးကျော်ဖြစ်သည်။[48] အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ မြန်မာနိုင်ငံသားများ ၏ ပျမ်းမျှတနှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၂၀၀) ဖြစ်သည်။ အစိုးရဝန်ထမ်းအများစုမှ နေထိုင်ရန်အတွက်လိုအပ်သည့် အသုံးစားရိတ် ထက်လျော့နည်းသော လစာများသာရရှိနေကြပြီး မိမိတို့ အလုပ်အတွက် လာဒ်တောင်းခြင်းမှာ သမရိုးကျအစဉ်အလာမျိုးဖြစ်နေသည်။ ပုဂလိကလုပ်ငန်းများတွင် ကျွမ်းကျင်မှုမလိုသည့် လုပ်ငန်းမျိုးလုပ်ကိုင်သည့်မြို့ပြအလုပ်သမားတယောက်သည် တနေ့လျှင် အမေရိကန်ဒေါ်လာ(.၅၀) မှ (၁) ဒေါ်လာခန့်သာဝင်ငွေရှိသည်။ကျေးလက်ဒေသရှိစိုက်ပျိုးရေးသမားများမှာ  ထိုဝင်ငွေ၏ထက်ဝက်ကိုသာ ရရှိသည်ဟု ခန့်မှန်းထားသည်။[49]

အလုပ်အကိုင်ရှားပါးခြင်းနှင့် အလုပ်သမားများအပေါ် အစိုးရအာဏာပိုင်များက ကာကွယ်ပေးရန်ပျက်ကွက်ခြင်းများက စံချိန်နိမ့်ကျပြီး အန္တ ရာယ်ဖြစ်စေသည့်လုပ်ငန်းခွင်အခြေအနေများကို ဖြစ်ပွားစေသည်။ နအဖသည် ၁၉၆၄ ခုနှစ် အခြေခံအလုပ်သမားများဥပဒေနှင့် ၁၉၅၁ ခုနှစ်စက်ရုံအမိန့်များတွင်ဖော်ပြထားသည့် လုပ်ငန်းဆိုင်ရာအခြေအနေများအား အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။ ထိုဥပဒေများ ထဲတွင် အချိန်ပိုကြေးများနှင့် လျော်ကြေးခံစားခွင့်များကို ဖော်ပြထားသည်။ ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများတွင်လုပ်ကိုင်သောသူများ အတွက် လစာများနှင့် အကျိုးအမြတ်ခံစားခွင့်များကို အစိုးရက သတ်မှတ်ပေးထားသည်။ ဖက်စပ်လုပ်ငန်းများလုပ်ကိုင်နေသည့် ပုဂ္ဂလိက ကုမ္ပဏီများအနေနှင့် သူတို့၏ဝန်ထမ်းများကို အစိုးရလုပ်ငန်းတွင်လုပ်ကိုင်နေသောဝန်ထမ်းများ၏လုပ်ခထက် ပိုမို၍မပေးရန် တားမြစ်ထား သည်။ ထိုဥပဒေများထဲတွင် အစိုးရဌာနများတွင်အလုပ်လုပ်နေသောဝန်ထမ်းများကို တပတ်လျှင် (၅)ရက်နှင့် (၃၅) နာရီအလုပ်လုပ်ခွင့် ရှိကြောင်းနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင်လုပ်ကိုင်နေသောဝန်ထမ်းများအတွက် တပတ်လျှင် (၆)ရက်နှင့် (၄၄)နာရီအထိ အလုပ်လုပ်ခွင့် ရှိကြောင်း ဖော်ပြထား၏။ အလုပ်သမားများသည် တနှစ်လုံးတွင် လစာနှင့်ခွင့်ရက် (၂၁) ရက်ကို ရရှိခံစားခွင့်ရှိကြောင်း ဥပဒေများတွင်ဆို ထားသည်။ သို့သော် လက်တွေ့တွင်မူ စက်ရုံအလုပ်သမားများသည် နေ့စဉ်နံနက် (၇) နာရီမှ ည (၁၁) နာရီအထိ တပတ်လျှင် (၇) ရက် နားရက်နှင့် အချိန်ပိုကြေးမရဘဲ အလုပ်လုပ်နေကြရသည်။[50]

မြန်မာနိုင်ငံအစိုးရသည် အိုင်အယ်အိုအဖွဲ့၏ လွတ်လပ်စွာအဖွဲ့အစည်းဖွဲ့စည်းခွင့်ဆိုင်ရာသဘောတူညီချက်အမှတ် (၈၇)ကို လက်မှတ်ရေးထိုး ထားသော်လဲ အလုပ်သမားများသည် သမဂ္ဂဖွဲ့စည်းခွင့်နှင့် စုပေါင်းတောင်းဆိုခွင့်များမရရှိကြချေ။ အလုပ်သမားအဖွဲ့အစည်းများသည် မြေအောက်အဖွဲ့အစည်း သဏ္ဍာန်မျိုးဖြင့်သာလှုပ်ရှားရပြီး အဖွဲ့ဝင်များသည် ထောင်သွင်း အ

ကျဉ်းချုခြင်းနှင့် နှိပ်စက်ခြင်းများအပါအဝင် ဖိနှိပ် အပြစ်ပေးမှုများ၊ ဒဏ်ခတ်မှုများဖြင့် အမြဲခြိမ်းခြောက်ခံနေရ၏။ လက်ရှိ အချိန်တွင် အလုပ်သမားအရေးလှုပ်ရှားဆောင်ရွက်သူ စုစုပေါင်း (၃၁) ဦးကို ထောင်ချထားသည်။[51] ထို့ပြင် အလုပ်သမားသမဂ္ဂလှုပ်ရှားမှုများကို အမိန့်ကြေညာစာအမှတ် ၂/၈၈ ဖြင့် အထူးကန့်သတ်ထား လျက်ရှိသည်။ ရန်ကုန်မြို့တွင် ၂၀၁၀ ခုနှစ်ကငြိမ်းချမ်းစွာဆန္ဒပြခဲ့သောအလုပ်သမားသပိတ်ကို လုံခြုံရေးတပ်ဖွဲ့များက ဖြိုခွင်းခဲ့ပြီး သူတို့၏ တောင်းဆိုချက်များနှင့် ပတ်သက်ပြီး ဘာမှမကြားရတော့ချေ။

**နအဖအပေါ် အကြံပြုချက်များ**

- အလုပ်သမားများအား လွတ်လပ်သည့်အလုပ်သမားသမဂ္ဂများကို သူတို့၏ရွေးချယ်မှုဖြင့် ဖွဲ့စည်းဝင်ရောက်ခွင့်ပြုရန်၊
- လွတ်လပ်စွာအဖွဲ့ ဖွဲ့စည်းခွင့်၊ သူတို့၏အခွင့်အရေးများကို ကာကွယ်ရန်နှင့် တိုးတက်အောင်လုပ်ဆောင်ရန်တို့အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ အလုပ်သမားကိုယ်စားနှင့် သူတို့၏အရေးများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် စသည့် အလုပ်သမား အခွင့်အရေးများ ရရှိအောင် ငြိမ်းချမ်းလုပ်ဆောင်ခြင်းကြောင့်အဖမ်းခံနေရသည့်အကျဉ်းသားများအား ချက်ချင်းချွင်းချက်မရှိပြန်လည်လွှတ်ပေးရန်၊
- အဓမ္မလုပ်အားစေခိုင်းမှုများပပျောက်အောင် အိုင်အယ်လ်အိုအဖွဲ့နှင့် အပြည့်အဝပူးပေါင်းလုပ်ကိုင်ရန်၊ အိုင်အယ်လ်အိုနှင့် ပူးပေါင်းပြီး အဓမ္မလုပ်အားစေခိုင်းမှုအားတိုင်ကြားသည့်ယန္တယားလုပ်ငန်းစဉ်အကြောင်းကို တိုင်းရင်းသား ဘာသာစကားများအားလုံးဖြင့် လက်ကမ်း စာစောင်များထုတ်ဝေပြီး တတိုင်းပြည်လုံး၌ဖြန့်ချီရန်၊ ထိုယန္တယားအကြောင်းကို ပြည်နယ်နှင့် တိုင်းများအားလုံးတွင် အသိပညာပေးဆွေးနွေးပွဲများလုပ်ဆောင်ပေးရန်၊


1. International Center for Transitional Justice, *Impunity Prolonged*, September 2009
2. Karen Women Organization, *Walking Amongst Sharp Knives: The Unsung Courage of Karen Women Village Chiefs in Conflict Areas of Eastern Burma*, 2010
3. See reports *License to Rape, Shattering the Silence, Unsafe State, Driven Away, Catwalk to the Barrack*
4. Human Rights Watch, *Sold to Be Soldiers: The Recruitment and Use of Child Soldiers in Burma,*
5. Art 38. Burma's "Regulation for the Persons Subject to the Defense Services" sets 18 as the minimum age for military recruitment, Human Rights Watch, *Sold to be Soldiers* 130, 2007; Rome Statute, art. 8, §2(e)(vii)
6. Human Rights Education Institute of Burma (HREIB), *Forgotten Futures*
7. International Labour Organization, *Forced Labour in Myanmar, Report of the Commission of Inquiry Appointed Under Article 26 of the Constitution of the International Labour Organization to Examine the Observance by Myanmar of the Forced Labour Convention 1930 (No. 29),* Geneva, 2 July 1998
8. Chin Human Rights Organization (CHRO), *40 Villages Ordered to Perform Forced Labour*, Rhododendron News, Volume XII, No. V, September-October 2009. These violations have been carried out by LIB 99, 140, 266, 268, 269, 289, and 538. See individual submission by the CHRO for more information
9. Internal Displacement Monitoring Center, *Estimates of Internally Displaced Persons in Myanmar*, November 2009
10. Amnesty International, *Crimes against humanity in eastern Myanmar*, 2008, and Karen Human Rights Group, *Cycles of Displacement*, 2009 and *Attacks on cardamom plantations, detention and forced labour in Toungoo District*, 2010
11. U.S. State Department, *2009 Human Rights: Burma Report*, 2010
12. Karen Human Rights Group, *Insecurity amidst the DKBA - KNLA conflict in Dooplaya and Pa'an district*, 2009
13. Assistance Association for Political Prisoners Burma (AAPP-B), media release, *ABFSU member sentenced to 104 years in jail*, 14 January 2009
14. Burma Lawyers' Council (BLC), *An Analysis of the Elections in Burma in 2010*, March 2010; also see AAPP-B's individual submission for more information on political prisoners in the justice system
15. AAPP-B, *Monthly Chronology*, June 2010

16. Asian Human Rights Commission, Urgent Appeal Case: AHRC-UAC-032-2010, 26 March 2010
17. Report of the UN Special Rapporteur on the situation of human rights in Myanmar (A/HRC/10/19)
18. AAPP-B, media release, Case of Two Attacked Human Rights Defenders Submitted to UN, 27 April 2007April 23
19. AAPP-B, *Monthly Chronology*, June 2010
20. AAPP-B, Silent *Killing Fields: Burma's Prisons and Labour Camps*, 2009
21. Human Rights Watch, *Vote to Nowhere: The May 2008 Constitutional Referendum in Burma,* 2008
22. Article 37 provides: "The Union is the ultimate owner of all lands, and all natural resources above and below the ground, above and beneath the water and in the atmosphere."
23. Leckie S. and Simperingham E., *Housing, Land and Property Rights in Burma: The Current Legal Framework*, 2010
24. CHRO, Rhododendron News, Jan-Feb and May-Jun 2009
25. CHRO, *On the Edge of Survival: the continuing rat infestation and food crisis in Chin State, Burma*, September 2009
26. HRFOM , Laid Waste: Human Rights along the Kanbauk to Myaing Kalay gas pipeline, May 18, 2009
27. Report of the Special Rapporteur on the situation of human rights in Myanmar (A/HRC/10/19)
28. IRIN Humanitarian News and Analysis, *Myanmar waiting for development aid*,
29. World Food Programme
30. UNICEF, *State of the World's Children*
31. Women's League of Burma, *In the Shadow of the Junta*: *CEDAW Shadow Repot*, 2008
32. Partners Relief & Development and Free Burma Ranger, *Displaced Childhoods*, April 2010
33. Report of the Special Rapporteur on the situation of human rights in Myanmar (A/HRC/10/19
34. CHRO, *On the Edge of Survival: the Continuing Rat Infestation and Food Crisis in Chin State, Burma,* September 2009. There are only eight permanent clinics to serve a population of 500,000.
35. Office of the UN Humanitarian Coordinator for Myanmar, *Humanitarian Situation Update April 2007*
36. CHRO, *Chairman of Chin State Bars Foreign Aid*, Rhododendron News, Volume XII, No IV, July-August 2009
37. See individual submission by the CHRO for more details
38. From May-October 2009, Foundation for Education and Development (FED) surveyed a total of 64 villages in seven Nargis-affected townships, conducting interviews with 511 survivors. Publication of the findings and further analysis is forthcoming.
39. Smita Narula, *The Right to Food: Holding Global Actors Accountable Under International Law*, 44 Columbia Journal of Transnational Law, 691, 764-66, 2006
40. Voravit Suwanvanichkij et. Al., *Community-based assessment of human rights in a complex humanitarian emergency: The Emergency Assistance Teams-Burma and Cyclone Nargis*, Conflict and Health, 2010.
41. Amnesty International, *The Repression of Ethnic Minority Activists in Myanmar*, 2010
42. See individual submission by the CHRO for further details
43. Ibid.
44. U.S. State Department, *2009 Human Rights: Burma Report*, 2010
45. Ibid.
46. U.S. State Department, *Trafficking in Persons Report*, 2010
47. Kachin Women's Association-Thailand (KWAT), *Eastward Bound,* 2008
48. United Nations Development Programme, *Impact of the UNDP Human Development Initiative in Myanmar*, 1994-2006, Yangon; 2006
49. U.S. State Department, *2009 Human Rights: Burma Report*, 2010
50. Ibid.
51. According to the Federation of Trade Unions-Burma, http://www.dvb.no/news/labour-union-work-punishable/10421